# မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၁၆)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၁၂-၇-၂၀၂၆၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇူလိုင် ၁၁

ခရီးသွားဧည့်သည်များ အချိန်တို အတွင်း အဆင်ပြေချောမွေ့စွာ လာရောက် လည်ပတ်နိုင်စေရေး နှင့် ဒေသခံပြည်သူများ၏ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ရည်ရွယ်၍ အဆင့်မြှင့်တင် တည်ဆောက် ပြီးစီးခဲ့သည့် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ သို့ ✰





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် အဆောက်အအုံသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း Golden City Solar Power Co., Ltd. က တာဝန်ယူဆောင်ရွက်ခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

စာမျက်နှာ ၄ သို့ ✪

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများ ထုတ်ပေးမည့်အစီအစဉ် ကြေညာခြင်း

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများကို Online မှ ကြိုတင်လျှောက်ထားသည့်စနစ်ဖြင့် ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။ ၁၄-၇-၂၀၂၆ ရက်နေ့ (အင်္ဂါနေ့)မှ စတင်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ DME Online Service Portal ဖြစ်သော https://osp.dme.gov.mm တွင် ကြိုတင်ရက်ချိန်းရယူ လျှောက်ထားနိုင်ပါမည်။

စာမျက်နှာ ၆ သို့ ✣

## မုတ်သုံလေအားကောင်းနေ

နေပြည်တော် ဇူလိုင် ၁၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ် ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ





## ထိုင်း-မြန်မာနယ်စပ် မောတောင်မြို့သို့ ဌာနဆိုင်ရာဝန်ထမ်းများ ရောက်ရှိ ဒေသခံများ ကြိုဆို

မောတောင် ဇူလိုင် ၁၁

တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာနယ်စပ်ရှိ မောတောင်မြို့သို့ တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့သည်။

စာမျက်နှာ ၄ သို့ ❖

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောက်ရွက်သွားရမည်ဖြစ်

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization-DMO) များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ခရီးစဉ်ဒေသများအလိုက် DMO အဖွဲ့များကို ခိုင်ခိုင်မာမာဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် လိုအပ်သည့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မိမိတို့တာဝန်ယူနေသည့် အစိုးရကာလအတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျသည့်နေရာတွင်တည်ရှိပြီး ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ထူးခြားသည့်ယဉ်ကျေးမှု၊ သဘာဝအလှအပများ၊ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ပင်လယ်ကမ်းခြေ၊ ကမ်းရိုးတန်းဒေသများ၊ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေသည့် ခရီးသွားအရင်းအမြစ်များစွာရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများအနေဖြင့် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရီးသွားအရင်းအမြစ်များအပေါ်မူတည်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်လိုအပ်ကြောင်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး က ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေး၌ ပြောကြားသည်။

ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန်အတွက် ခရီးစဉ်ဒေသအချို့ကို လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပေးဆွဲနိုင်ရေးနှင့် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံကို ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြသည့်အခါတွင် လွယ်ကူချောမွေ့စေရေး၊ ပြေလျော့ပေးရန်အတွက် ဗီဇာကိစ္စဖြေလျော့ပေးသင့်သည်များ ဖြေလျော့ပေးရေး၊ လုံခြုံစိတ်ချစွာ ခရီးသွားလာရေးကိစ္စ၊ အာမခံဝယ်ယူရေးကိစ္စနှင့် ငွေကြေးသုံးစွဲမှုလုပ်ငန်းစဉ်များတွင် အဆင်ပြေအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ရှိရင်းစွဲထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့်လမ်းညွှန်ချက်များကို ကျော်လွန်ဆောင်ရွက်ရန်မဟုတ်ဘဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင်ပြေချောမွေ့အောင် လိုအပ်သည်များကို မိမိတို့တတ်နိုင်သည့်ဘက်မှ သုံးသပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့၏ ခရီးစဉ်ဒေသအလိုက် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့် နေရာဒေသများ၊ ထင်ရှားသည့် ၁၂ လရာသီပွဲတော်များ၊ တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲနှင့် ရိုးရာဓလေ့ပွဲများ၊ ခရီးသွားများစိတ်ဝင်စားမှုရှိသည့် ခရီးစဉ်များကို စနစ်တကျခွဲခြားဖော်ထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသား၊ သမီးများအား ပညာသင်စရိတ်ထောက်ပံ့

**မြစ်သား ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၉ နာရီခွဲက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းသူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များနှင့်အတူ တက္ကသိုလ်အဆင့် ၁၂ ဦးအား တစ်ဦးလျှင်ထောက်ပံ့ငွေကျပ်သုံးသောင်းနှုန်းဖြင့် ငွေကျပ်သုံးသိန်းခြောက်သောင်း၊ အထက်အတန်းအဆင့် လေးဦးအတွက် တစ်ဦးလျှင်ထောက်ပံ့ငွေကျပ်နှစ်သောင်းငါးထောင်နှုန်းဖြင့် ငွေကျပ်တစ်သိန်း၊ အလယ်တန်းအဆင့် ၁၉ ဦးအတွက် တစ်ဦးလျှင်ထောက်ပံ့ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ငွေကျပ်သုံးသိန်းရှစ်သောင်း၊ မူလတန်းအဆင့် ၂၈ ဦးအတွက် တစ်ဦးလျှင်ထောက်ပံ့ငွေကျပ်တစ်သောင်းငါးထောင်နှုန်းဖြင့် ငွေကျပ်လေးသိန်းနှစ်သောင်း၊ မူကြိုကျောင်းသား၊ ကျောင်းသူလေးဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ်လေးသောင်း စုစုပေါင်း ဝန်ထမ်းသား၊ သမီး ၆၇ ဦးအား ပညာသင်ထောက်ပံ့ငွေကျပ် တစ်ဆယ်သုံးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်

**မန္တလေး ဇူလိုင် ၁၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ၇၂၃၀ ကျပ် ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီ ရောင်းချမည့်ဈေးနှုန်းများအားလည်း ရန်ကုန်အထိုင်ဈေးအပေါ် မူတည်ပြီး ကော်မတီမှသတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ်အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့၌ ၈၅၅၀ ကျပ်၊ မိတ္ထီလာမြို့၌ ၈၃၇၀ ကျပ်၊ ရမည်းသင်းမြို့၌ ၈၃၄၅ ကျပ်၊ ကျောက်ဆည်မြို့၌ ၈၅၀၅ ကျပ်၊ ပြင်ဦးလွင်မြို့၌ ၈၆၀၀ ကျပ်၊ မြင်းခြံမြို့၌ ၈၆၂၅ ကျပ်၊ ညောင်ဦးမြို့၌ ၈၅၃၅ ကျပ်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

၀-၀-၀-၀

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်း (PUBLIC TALK) ဆွေးနွေးပွဲ ကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာရှိ ချမ်းသာရာဘုရားဝင်း ဓမ္မာရုံ၌ ယနေ့နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (PUBLIC TALK) ဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးကိုကိုလွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းမင်းထွန်း၊ မြို့နယ်လဝက ဦးစီးအရာရှိ ဦးခင်မောင်ရီ၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)ဒေါ်မိုးခိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)ဒေါ်ဇင်မာဖြူတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ကျေးလက်နေပြည်သူများက မိမိတို့ဒေသအလိုက် လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ပြည်သူ့စကားဝိုင်းသို့ ကျေးလက်နေပြည်သူ ၉၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို**
**(ပုသိမ်ကြီး)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပမည့် အနီးစခန်းလေဆိပ်သို့ရောက်ရှိရာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အနီးစခန်းလေဆိပ်အဆောက်အအုံအသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အနီးစခန်းလေဆိပ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယအပိုင်းကို လေဆိပ်အဆောက်အအုံအသစ် ပထမထပ် ၌ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းအတွက် အထင်ကရဖြစ်ပြီး အေးချမ်းသာယာသည့် ပန်းမြို့တော် ပြင်ဦးလွင်၏သမိုင်းတွင် စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်နိုင်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ အနီးစခန်း လေဆိပ်ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်၏လေကြောင်းပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး တို့အတွက်ပါ အရေးပါသည့် ကြိုးပမ်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

အနီးစခန်း လေဆိပ်သည် လွတ်လပ်ရေးမရမီကာလကတည်းက ဖောက်လုပ်တည်ရှိခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော လေဆိပ်တစ်ခု ဖြစ်ကြောင်း၊ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားခဲ့ကြောင်း၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း ဒါကိုတာလေယာဉ်များ၊ တပ်မတော်(လေ)မှ ဖော်ကာ အက်ဖ်-၂၇ လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲ အသုံးပြုခဲ့ကြောင်း၊ ယခင်က လေယာဉ်ပြေးလမ်း အလျားပေ ၄၄၅၀ နှင့် အကျယ်ပေ ၂၀၀ ရှိသည့် ကျောက်ရောမြေကြီး ကွင်းတစ်ခုသာ ဖြစ်ခဲ့ကြောင်း။

၂၀၀၄ ခုနှစ်တွင် မူလလေယာဉ် ပြေးလမ်းကို အလျားပေ ၁၀၀၀၀ အထိ ရရှိရေးအတွက် တစ်ဆက်တည်း ရှိနေသည့် မြောက်ဘက်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ကွန်ကရစ်ခင်း လေယာဉ်ရပ်နားနေရာကိုလည်း အလျားပေ ၆၀၀၊ အနံပေ ၃၀၀ တည်ဆောက်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ဖြစ်သည့်အတွက် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဆင်းသက် အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း။

လက်ရှိတွင် ရွေးကောက်တင်မြှောက်ခံရပြီး တာဝန်ယူနေသည့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အင်တိုက်အားတိုက် ဖြည့်ဆည်း တည်ဆောက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဖြည့်ဆည်း တည်ဆောက်ရာတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ကြောင့်လည်း လေဆိပ်များအပါအဝင် အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်း စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင် ပုံမှန်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုနှင့် ပြည်တွင်းလေဆိပ် ၂၈ ခု ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် အနီးစခန်းလေဆိပ်သည် ပြည်တွင်းလေဆိပ်ကွန်ရက်ကို ပိုမိုအားကောင်းလာစေမည့် လေဆိပ်တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာနိုင်တော့မည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၅၀၀ ကျော်တွင် တည်ရှိကြောင်း၊ တစ်နှစ်ပတ်လုံး သင့်တင့်မျှတသည့် ရာသီဥတုရှိပြီး ပန်းမန်များ ဖူးပွင့်ဝေဆာကာ သာယာလှပသည့်မြို့ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝက ဖန်တီးပေးထားသည့် အပန်းဖြေစခန်းများ တည်ရှိပြီး ရှေးဟောင်းဗိသုကာပညာ လက်ရာများကိုပါ တွေ့မြင်ခံစားနိုင်သောကြောင့် ခေတ်အဆက်ဆက် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအကြား စိတ်ပါဝင်စားမှုများပြီး အထင်ကရ ကျော်ကြားခဲ့ကြောင်း၊ ပြင်ဦးလွင်ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ပညာရေးမြို့တော် စသည်ဖြင့် မှော်မှန်းပြီး နိုင်ငံ့ဂုဏ်ဆောင်မြို့ကြီးတစ်ခုအဖြစ် တည်ဆောက်နေကြောင်း၊ ထို့ကြောင့်လည်း ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ လာရောက် လည်ပတ်နိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အနီးစခန်းလေဆိပ်ကို လေဆိပ်တစ်ခု၏အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရန် အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

✧ နိုင်ငံတော်အနေဖြင့် အနီးစခန်းလေဆိပ်ကို လေဆိပ်တစ်ခု၏အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရန် အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့

✧ တစ်နှစ်လျှင် ခရီးသည် ၁၀၀၀၀၀ ဝင်/ထွက် အသုံးပြုနိုင်သည့် အလျားပေ ၁၂၀၊ အနံပေ ၈၀ ရှိ steel structure နှစ်ထပ်လေဆိပ်အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့၊ Boeing 737-800 တို့ကဲ့သို့ လေယာဉ်အမျိုးအစားသုံးစင်း တစ်ပြိုင်တည်း ရပ်နားအသုံးပြုနိုင်စေရန် အလျားပေ ၆၀၀၊ အနံပေ ၅၅၀ အထိ တိုးချဲ့ထားသည့် လေယာဉ်ရပ်နားနေရာ၊ အလျားပေ ၃၀၊ အနံပေ ၂၀ နှင့် အမြင့် ၅၆ ပေရှိ လေကြောင်းထိန်းမျှော်စင်သစ်တို့ကိုလည်း တည်ဆောက်နိုင်ခဲ့

✧ အနာဂတ်တွင် အနီးစခန်းလေဆိပ်ကို ပိုမိုကြီးမားသည့်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် ခေတ်မီလေဆိပ်တစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရန် စီစဉ်ထား




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်တွင် လေယာဉ်ရပ်နားရန်နေရာအသစ် တည်ဆောက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ထိုသို့ ဆောင်ရွက်ရာတွင် တစ်နှစ်လျှင် ခရီးသည် ၁၀၀၀၀၀ ဝင် / ထွက် အသုံးပြုနိုင်သည့် အလျားပေ ၁၂၀၊ အနံ ပေ ၈၀ ရှိ steel structure နှစ်ထပ်လေဆိပ် အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ကြောင်း၊ Boeing 737-800 တို့ကဲ့သို့ လေယာဉ်အမျိုးအစား သုံးစင်း တစ်ပြိုင်တည်း ရပ်နားအသုံးပြုနိုင်စေရန် အလျားပေ ၆၀၀၊ အနံပေ ၅၅၀ အထိ တိုးချဲ့ထားသည့် လေယာဉ်ရပ်နားနေရာ၊ အလျားပေ ၃၀၊ အနံ ပေ၂၀ နှင့် အမြင့် ၅၆ ပေရှိ လေကြောင်းထိန်းမျှော်စင်သစ် တို့ကိုလည်း တည်ဆောက် နိုင်ခဲ့ကြောင်း၊ ထို့ပြင် လေယာဉ်ဆင်းသက်မှု အထောက်အကူပြု လမ်းညွှန်စက်များ၊ လေယာဉ်ပြေးလမ်း လျှပ်စစ်မီးစနစ်များနှင့် လေယာဉ်ရောက်ရှိနေရာပြ လေကြောင်းလမ်းညွှန်စက်များကိုပါ တပ်ဆင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အတွက် ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့ကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။

အထူးသဖြင့် အနီးစခန်းလေဆိပ်သည် ပြင်ဦးလွင်ဒေသ၏ ခရီးသွားကဏ္ဍ တစ်ခုတည်း အတွက်သာမကဘဲ နိုင်ငံတော်၏ သတင်း အချက်အလက်နှင့် နည်းပညာကဏ္ဍ (ICT Sector)ကို ပါ တိုးတက်မြင့်မားရေးအတွက် ဗဟိုချက်မဖြစ်သည့် **"ရတနာပုံ ဆိုက်ဘာစီးတီး"** ကို ကမ္ဘာ့အဆင့်မီ Silicon Valley တစ်ခုအဖြစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်ဆောင်ရွက်ရာတွင် အဓိကကျသည့် လေကြောင်းဆက်သွယ်ရေး တံခါးပေါက် (Strategic Gateway) ဖြစ်လာမည်လည်း ဖြစ်ပါကြောင်း၊ ပြည်တွင်း ပြည်ပမှ နည်းပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရတနာပုံ ဆိုက်ဘာစီးတီးကို အချိန်တိုအတွင်း လျင်မြန်ချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ နည်းပညာဖွံ့ဖြိုးမှုနှင့် ဒီဂျစ်တယ်စီးပွားရေး ကဏ္ဍကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည်ပင်ဖြစ်ကြောင်း။

ထို့ပြင် ပန်းမြို့တော် ပြင်ဦးလွင် ဒေသ၏ အဓိကဂုဏ်ဆောင်ဖြစ်သည့် အဆင့်မြင့်ပန်းမန်များ၊ ကော်ဖီနှင့် စတော်ဘယ်ရီစသည့် လတ်ဆတ်မှုလိုအပ်သည့် အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များကို လေကြောင်းကုန်စည်ပို့ဆောင်ရေးစနစ် (Air Cargo & Cold Chain Logistics) ကို အသုံးပြုပြီး ပြည်တွင်းဈေးကွက်များသာမက ပြည်ပနိုင်ငံများသို့ပါ အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်တင်ပို့ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ယင်းအခြေအနေသည် ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေး အခွင့်အလမ်းသစ် များစွာကို ဖန်တီးပေးပြီး ဒေသဖွံ့ဖြိုးရေးနှင့် ခေတ်မီစိုက်ပျိုး စီးပွားရေးကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်တွင် အနီးစခန်းလေဆိပ်ကို ပိုမိုကြီးမားသည့်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် ခေတ်မီလေဆိပ်တစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ လေယာဉ်များ အမြန်ဆင်းသက် ထွက်ခွာနိုင်မည့် ဝင်လမ်း ထွက်လမ်းများ၊ ကုန်စည်တင်လေယာဉ် ရပ်နားနေရာ၊ ကုန်စည်သိုလှောင်ရုံ စသည့် အခြေခံ အဆောက်အအုံများကိုလည်း အဆင့်ဆင့်ဖြည့်ဆည်း တည်ဆောက်ပြီး အဆင့်မြှင့်တင်သွားရန် လျာထားစီစဉ်ထားပြီးဖြစ်ကြောင်း၊ ယခုလေဆိပ်သည် ရှမ်းပြည်နယ်ရှိ လေဆိပ်များအပါအဝင် မြန်မာနိုင်ငံ အနှံ့အပြားရှိ လေဆိပ်များနှင့် ကွန်ရက်ချိတ်ဆက်ပျံသန်းသည့် လေကြောင်းခရီးစဉ်များကို အထောက်အကူပြုပြီး ကုန်သွယ်ရေးနှင့် နည်းပညာ စီးဆင်းမှုများမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးမည့်လေဆိပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည် လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ အရေးကြီးအခြေခံအဆောက်အအုံများမှ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရသစ်၏ ပထမရက် ၁၀၀ စီမံကိန်းကာလအတွင်း အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအောင်မြင်မှုအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာများ၊ တပ်မတော်အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံးကို နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြားအကုန်အကျခံတည်ဆောက်ပေးခဲ့သည့် အနီးစခန်းလေဆိပ်ကို ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် အားလုံးဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်နှင့် လေဆိပ်ကို အသုံးပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး တို့ကို ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေဆိပ်အဆောက်အအုံသစ် ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် လေဆိပ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုနှင့် ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုကြသည်။

ဂါရဝပြုပေးအပ်

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အနီးစခန်းလေဆိပ် လေဆိပ်အဆောက်အအုံဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ရပ်နားရန် နေရာအသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

PPIB News

---

⊙ နေပြည်တော်မှ

ဖွင့်ပွဲအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဂုဏ်ပြုအားပေးတက်ရောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ နေရောင်ခြည်စွမ်းအင်အပြင် Battery Energy Storage System မှထုတ်လုပ်သော ဓာတ်အားကို စက်ခလုတ်နှိပ်၍ ပေါင်းထည့်ပေးကာ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုကို စတင်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် ရွှေမြို့ဆိုလာစက်ရုံ ၁၅ မဂ္ဂါဝပ်ကို တစ်နှစ်အတွင်း တည်ဆောက်ခဲ့ပြီး Energy Storage System ထည့်သွင်းတပ်ဆင် တည်ဆောက်ထားခြင်းဖြစ်သည့်အတွက် ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ဆက်လက်၍ စီမံကိန်းအပိုင်း (၂) ၂၅ မဂ္ဂါဝပ်နှင့် အပိုင်း(၃) ၃၀ မဂ္ဂါဝပ် စီမံကိန်းများကိုလည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာများဖြင့် ယခုထက်ပိုမိုအဆင့်မြှင့်တင် ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ဆိုလာစီမံကိန်းများသည် အချိန်တိုအတွင်း ပြီးမြောက်နိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား လျင်မြန်စွာ ရယူလိုနေသည့်အချိန်တွင် လွန်စွာအားကိုးအားထားပြုရသည့် စီမံကိန်းလုပ်ငန်းများဖြစ်သည့်အလျောက် သတ်မှတ်ချိန်အတွင်း အောင်မြင်စွာပြီးမြောက်စေရေး ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံဧရိယာနှင့် စီမံကိန်းအပိုင်း(၂)နှင့် အပိုင်း(၃) ဓာတ်အားပေးစက်ရုံ စီမံကိန်း တည်ဆောက်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



---

❖ ထိုင်း-မြန်မာမှ

ထိုသို့ရောက်ရှိလာသော ဌာနဆိုင်ရာဝန်ထမ်း ၅၄ ဦးအား နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျာထွေး ဦးဆောင်ကာ မော်တောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝေလှိုင်စိုး၏ ကြီးကြပ်မှုဖြင့် တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံမိဘပြည်သူ ၁၀၀ ခန့်က မြို့အဝင်ဆိုင်းဘုတ်အနီးတွင် သွားရောက်ကြိုဆိုခဲ့ကြသည်။

အဆိုပါ ဌာနဆိုင်ရာဝန်ထမ်းများအား မော်တောင်နယ်မြေရဲစခန်း၊ စည်ပင်သာယာဝင်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့အုပ်ချုပ်ရေးမှူးအိမ်ရာတို့တွင် နေရာချထားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းက ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်ရေး လုပ်ငန်းခွင်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေး-လားရှိုး လမ်းမကြီးမှဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ် ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြင်ဦးလွင်ဒေသအပါအဝင် နိုင်ငံအတွင်းရှိ မိမိတို့ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်တည်ဆောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေးနှင့် အကျိုးရှိရှိ အသုံးချနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုအားလုံး စနစ်တကျဖြစ်ရန် လိုကြောင်း၊ ယခု ဖောက်လုပ်လျက်ရှိသည့် လမ်းကြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လိုကြောင်း၊ ကတ္တရာခင်းခြင်း၊ လမ်းပခုံးများ ထည့်သွင်းခြင်းတို့ကိုလည်း စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းနယ်များကိုလည်း စနစ်တကျ သတ်မှတ်သွားရန်လိုပြီး လမ်းနယ်အတွင်း၌ စိမ်းလန်းစိုပြည်မှုရှိစေရေးနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက် ထိန်းသိမ်းနိုင်ရေးအတွက် မဲဇလီကဲ့သို့သော အပင်ကြီးမျိုးများ၊ အရိပ်ရလေကာပင်များကို ပင်ကြား တန်းကြား မှန်ကန်စွာဖြင့် စနစ်တကျ ထည့်သွင်း စိုက်ပျိုးသွားရန် လိုကြောင်း၊ လမ်းကြောင်းတစ်လျှောက်ရှိ သင်တန်းကျောင်းများအနေဖြင့်လည်း နယ်နိမိတ်သတ်မှတ်ချက်များအတိုင်းဖြစ်ရန် လိုပြီး ခြံစည်းရိုးများ စနစ်တကျ ကာရံထားရှိသွားရန်လိုကြောင်း၊ ဓါးပင်ကြီး အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ အားကစားကွင်း တစ်ခုကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေး-လားရှိုး လမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။

ထို့နောက် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တံတားများ ထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ရတနာပုံမြို့သစ်စီမံကိန်းနှင့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ် စီမံကိန်းရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်ထားရှိမှု၊ ရတနာပုံဆိုက်ဘာစီးတီးအတွင်း Ever Green ဧရိယာများ ဖော်ဆောင်လျက်ရှိမှု၊ ဆိုက်ဘာစီးတီးစီမံကိန်း စက်မှုမြေကွက်များတွင် စက်ရုံတည်ဆောက်ထားရှိပြီး ပုံမှန်လည်ပတ်နေသော ကုမ္ပဏီများအား ဆက်လက်လုပ်ပိုင်ခွင့်ပေးထားကာ လုပ်ငန်းရပ်တန့်နေသည့် ကုမ္ပဏီများအား သတ်မှတ်ချက်နှင့်အညီ ဆက်လက်လုပ်ကိုင်လိုခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ခဲ့မှု၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အပိုင်း(၁) ဧက ၂၂၀၀ အတွက်ဖြစ်တန်စွမ်းလေ့လာဆန်းစစ် ဆောင်ရွက်လျက်ရှိမှု၊ ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းဧရိယာအတွင်း မြောက်ပိုင်းအိမ်ရာမြေကွက်များတွင် သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းအတွင်း စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအား ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းအတွင်းရှိ အဆောက်အအုံများ ဆက်လက်အသုံးပြုနိုင်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သင်တန်းခန်းမများနှင့် ဝန်ထမ်းများ နေထိုင်ရန် အိပ်ဆောင်များကို ပြည်တွင်း နည်းပညာကုမ္ပဏီများက ငှားရမ်းအသုံးပြု ဆောင်ရွက်လိုမှု၊ စီမံကိန်းအတွင်းရှိ စက်ရုံများ လုပ်ငန်းလည်ပတ်နေမှုနှင့် အသစ်လာရောက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းအတွင်း ပြည်ပနည်းပညာကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းအတွင်း

စာမျက်နှာ ၆ သို့ »»

- ❖ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အသစ်လျှောက်ထားသည့် လုပ်ငန်းလုပ်ဆောင်မည့် မြေနေရာများအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားရန်လို
- ❖ စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများပေးနိုင်သည့် ကုမ္ပဏီများဖြစ်စေရေး စနစ်တကျစိစစ်ရွေးချယ်ခွင့်ပြုပေးသွားရန်လို
- ❖ ဒေသတွင်းရှိ နည်းပညာဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များမှ သင်တန်းဆင်းလာကြသည့် နည်းပညာတတ်ကျွမ်းသော ကျောင်းသား ကျောင်းသူများအတွက်လည်း ယခုစီမံကိန်းမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြား





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရတနာပုံဆိုက်ဘာစီးတီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၅ မှ

လုပ်ငန်းဆောင်ရွက်ရန် အတွက် အသစ်လျှောက်ထားသည့်လုပ်ငန်း လုပ်ဆောင်မည့် မြေနေရာများအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများ အနေဖြင့် နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများ ပေးနိုင်သည့် ကုမ္ပဏီများဖြစ်စေရေး စနစ်တကျ စိစစ်ရွေးချယ် ခွင့်ပြုပေးသွားရန်လိုကြောင်း၊ ဒေသတွင်းရှိ နည်းပညာဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များမှ သင်တန်းဆင်းလာကြသည့် နည်းပညာတတ်ကျွမ်းသော ကျောင်းသားကျောင်းသူများအတွက်လည်း ယခုစီမံကိန်းမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧက(၃၀၀၀) ဆိုင်ရာ အချက်အလက်များ၊ လက်ရှိအခြေအနေများအပေါ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စီမံကိန်းဧရိယာအတွင်းရှိ ကျေးရွာများဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက **ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧက(၃၀၀၀)ကို ၂၀၀၆ ခုနှစ် ကတည်းကပင် အစိုးရပိုင် စီမံကိန်းမြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ သတ်မှတ်ထားသည့် စီမံကိန်းဧရိယာနယ်နိမိတ် တစ်လျှောက်၌ အမှတ်အသားများ စိုက်ထူသတ်မှတ်ထားရန်လိုပြီး နယ်နိမိတ်တစ်လျှောက် အမြဲစိမ်းအပင်များ စိုက်ပျိုးသွားရန် လိုကြောင်း၊ **စီမံကိန်းဧရိယာအတွင်း ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်နေထိုင်မှုများကိုလည်း သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်သွားရန်လို** ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်း ဧရိယာအတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံမြို့သစ် ဆက်သွယ်ရေးစခန်း Incupation Center (IC) အဆောက်အအုံသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် အဆောက်အအုံနှင့် ရေစနစ်၊ မီးစနစ်များကို စနစ်တကျ ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံများ အနီး သစ်ပင်များစိုက်ပျိုးရာတွင် အဆောက်အအုံ ထိခိုက်မှုမရှိအောင် စိုက်ပျိုးသွားရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ရတနာပုံမြို့သစ်စီမံကိန်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး သစ်ပင်များစိုက်ပျိုးထားရှိမှု၊စက်ရုံ၊အလုပ်ရုံများနှင့် အိမ်ရာများ ဖော်ဆောင်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပိုးချည်စက်ရုံ (ပြင်ဦးလွင်)**

ဆက်လက်၍နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပိုးချည်စက်ရုံ (ပြင်ဦးလွင်)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ခံက စက်ရုံ၏နောက်ခံသမိုင်းကြောင်းဆိုင်ရာအချက်အလက်များနှင့် ရည်ရွယ်ချက်များ၊ မြေအသုံးချနိုင်မှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် ပိုးစာပင်များစိုက်ပျိုးထားရှိမှုအခြေအနေများ၊ ပိုးမွေးမြူမှု၊ ပိုးအိမ်ထုတ်လုပ်မှုနှင့် ပိုးချည်၊ ပိုးထည်နှင့် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စက်ရုံဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပိုးမွေးမြူထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိုးချည်နှင့် ပိုးထည်များသည် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ပိုးချည်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိုးချည်ထုတ်လုပ်ခြင်းစက်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် စက်ရုံပြခန်းအတွင်း ပိုးစာနှင့် ပိုးထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ပိုးချည်ကောင်များ အဆင့်အလိုက် မွေးမြူထားရှိမှု၊ ပိုးစာပင်စိုက်ခင်းအတွင်း ပိုးစာပင်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိမှု၊ ပိုးချည်စက်ရုံအတွင်းရှိ ပိုးရွေးခန်း၊ ပိုးချည်ရစ်ခန်း၊ ပိုးချည်ငင်ခန်း၊ ပိုးချည်ထုပ်ခန်းတို့၌ လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိမှု၊ ရှေးခေတ်သုံး ပိုးချည်ငင်စက်များ အစဉ်အဆက် ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပိုးချည်စက်ရုံ (ပြင်ဦးလွင်)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံတာဝန်ခံက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

PPIB News



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးချည်စက်ရုံ(ပြင်ဦးလွင်)အတွင်း ပိုးချည်ကောင်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးချည်စက်ရုံ(ပြင်ဦးလွင်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

✤ ၂၀၂၆ ခုနှစ်မှ

၂။ အဆိုပါအမှတ်စာရင်းများကို ၁၆-၇-၂၀၂၆ ရက်နေ့ (ကြာသပတေးနေ့)မှစတင်၍ မိမိလျှောက်ထားခဲ့သည့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၅၂)၊ နေပြည်တော် (သို့မဟုတ်) မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန(ရုံးခွဲ)၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ တို့တွင် DME Online Service Portal က ထုတ်ပေးသည့် QR Code နှင့် လုပ်ငန်းစဉ်နံပါတ်ပြသ၍ လာရောက်လျှောက်ထား ထုတ်ယူရပါမည်။

၃။ လာရောက်ထုတ်ယူရန် အခက်အခဲရှိသူများ အနေဖြင့် DME Online Service Portal တွင် လျှောက်ထားပါက မြန်မာ့စာတိုက်လုပ်ငန်း၏ စာပို့စနစ်ဖြင့် ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြို့၏အစဉ်အလာကောင်းများအား စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး ဆွေးနွေးမှာကြား

# သမိုင်းကြောင်းစဉ်လာကောင်းများဖြင့် ပြည့်စုံပြီး တန်ဖိုးကြီးမားလှသည့် ပြင်ဦးလွင်မြို့၏ ထူးခြားသည့် ရေခံမြေခံနှင့် ဝိသေသဂုဏ်ပုဒ်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းသွားကြရမည်


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြို့၏အစဉ်အလာကောင်းများအား စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး ဆွေးနွေးမှာကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များအား အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့၏အစဉ်အလာကောင်းများ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြင်ဦးလွင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ပြင်ဦးလွင်မြို့မှ မြို့မိမြို့ဖအဖွဲ့ဝင်များအားယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ပြင်ဦးလွင်ဒေသသည် သမိုင်းကြောင်း အစဉ်အလာအရ ထင်ရှားသည့် တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး ပန်းမြို့တော်၊ အပန်းဖြေမြို့တော်ဟူ၍ ခေါ်ဆိုခဲ့ကြကြောင်း၊ မြို့၏ ကောင်းမြတ်သည့် သမိုင်းကြောင်းစဉ်လာများကို မိမိတို့အနေဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်စနစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူတို့၏နေထိုင်မှုပုံစံများသည်လည်း အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများသည်လည်း များစွာတိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ထူးခြားသည့် ရေခံမြေခံနှင့် သာယာလှပသော မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့်အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက် ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင်နေထိုင်သူများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ လူဦးရေ၏ ၇၂ ဒသမ ၅ ရာခိုင်နှုန်းသည် ဒေသခံများဖြစ်ကြပြီး ကျန်သည့်သူများသည် အခြားသော ဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာကြသူများ ဖြစ်ကြကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့နေထိုင်သည့်မြို့ကို ဒေသတွင်နေထိုင်ကြသူများ အားလုံးက စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

> ☆ ပြင်ဦးလွင်မြို့သည် ထူးခြားသည့် ရေခံမြေခံနှင့် သာယာလှပသော မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့်အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင်နေထိုင်သူများက ဆောင်ရွက်ကြရမည်ဖြစ်

ပြင်ဦးလွင် မြို့တော်သည် အပန်းဖြေမြို့တော်ဖြစ်ပြီး လက်ရှိအချိန်၌ ခေတ်စနစ်နှင့် လူနေမှုပုံစံများ တိုးတက်ပြောင်းလဲလာခြင်း၊ ဒေသတွင်းနေထိုင်သူများပြားလာခြင်းများကြောင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းမှာ ကျဆင်းလျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသကို ချယ်ရီမြို့တော်အဖြစ် ပြန်လည် အသက်သွင်းနိုင်ရေး မိမိအနေဖြင့် လမ်းညွှန်မှာကြားခဲ့ပြီး အကောင်အထည်ဖော်စေလျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုညီညွတ်မျှတမှုနှင့် စိမ်းလန်းစိုပြည်မှုကို ဖြစ်ပေါ်စေနိုင်သည့် ထင်းရှူးပင်၊ ခါတော်မိပင်၊ စိန်ပန်းပြာပင်တို့ကိုလည်း တစ်အုပ်တစ်မ ပြန်လည် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသ၏ထူးခြားသည့် ဝိသေသများဖြစ်သော ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဆိုသည့် အမည်နာမကို ပြန်လည်အသက်သွင်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်၊ အေးမြသာယာသော ရာသီဥတုတို့နှင့်အတူ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော် ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ကော်ဖီထုတ်ကုန်များသည် ပြည်တွင်းပြည်ပ၌ နာမည်ကောင်းရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသသည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း။

စာမျက်နှာ ၈ သို့ ✳


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

* စာမျက်နှာ ၇ မှ

ထို့ပြင် ပြင်ဦးလွင်ဒေသသည် ပညာရေးနှင့် ပတ်သက်၍လည်း အစဉ်အလာ ကောင်းများနှင့် ပြည့်စုံသည့် ဒေသတစ်ခုဖြစ်ပြီး ပညာရေးမြို့တော်အဖြစ်သို့လည်း ရောက်ရှိလာပြီ ဖြစ်ကြောင်း၊ ထိုကဲ့သို့သော ဒေသ၏ ကောင်းမြတ်သည့် ဝိသေသများနှင့် သာယာလှပမှုများကြောင့် ဒေသသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများသည်လည်း တိုးတက်များပြား လာလျက်ရှိကြောင်း၊ "**အိမ်သာ၍ ဧည့်လာသည်**" ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နေထိုင်ကြသူများအနေဖြင့် မိမိတို့ဒေသ၏ သန့်ရှင်းသာယာလှပရေး၊ နေထိုင်သွားလာစားသောက်ရေးတို့ အတွက် ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့အတွက် ဒေသခံတစ်ဦးချင်းစီမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့အနေဖြင့် မိမိတို့ဒေသကို မည်ကဲ့သို့ ကောင်းအောင်ဆောင်ရွက်မည်ကို ဘက်ပေါင်းစုံမှ ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

**မြို့မိ မြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးတင်ပြ**

ထို့နောက် မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များကိုယ်စား မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်က ပြင်ဦးလွင်မြို့မိ မြို့ဖအဖွဲ့အား နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဖွဲ့စည်းခဲ့မှု၊ ဖွဲ့စည်းပြီးသည့် နောက်ပိုင်းတွင် ဒေသ၏ ကောင်းရာကောင်းကျိုးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး ဆွေးနွေးတိုင်ပင် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး အခန်းကဏ္ဍတို့၌လည်း တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကန်တော်လေးပတ်လမ်းအနေဖြင့် လက်ရှိအချိန်တွင် ယိုယွင်းပျက်စီးလာပြီ ဖြစ်သဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ကျန်းမာရေးမြို့တော်အဖြစ် ဖော်ဆောင်နေမှုနှင့်အတူ ဒေသ၌ လိုအပ်လျက်ရှိသည့် ကျောင်းအားကစားကွင်းများ၊ ရေကူးကန်များ၊ တင်းနစ်ကွင်းများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ ဂေါလောင်ချောင်းအတွင်း နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးထားသည့်အတွက် ရေစီးရေလာများ ကောင်းမွန်လျက်ရှိပြီး ရေရှည်ကောင်းမွန်တည်တံ့စေရေးအတွက် လိုအပ်သည့် နေရာများတွင် မြေထိန်းနံရံများနှင့် လျှောက်လမ်းနေရာများ ထည့်သွင်းဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် သွင်းအားစုနှင့် အရင်းအနှီးများ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအချင်းချင်း ဆက်သွယ်ထားသည့် လမ်းကြောင်းများအနက် ကောင်းမွန်ခြင်းမရှိသည့် အချို့သောလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုတို့နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသ၏ သမိုင်းတန်ဖိုးကြီးမားသည့် အမွေအနှစ်များ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ရပ်ကွက်၊ ကျေးရွာချင်းဆက် လမ်းများအနက် အဆင့်မြှင့်တင်ပေးသွားရန်လိုသည့် လမ်းကြောင်းများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေး ကော်မတီတို့မှ စိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လူတို့၏ နေ့စဉ်ဘဝစားဝတ်နေရေးတွင် စားသောက်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိပြီး မိမိတို့နိုင်ငံ နည်းတူ ကမ္ဘာ့နိုင်ငံများအသီးသီး၌လည်း စားရေရိက္ခာလုံခြုံရေးနှင့်ပတ်သက်၍ အလေးထား ဖြေရှင်းဆောင်ရွက်ရလျက် ရှိကြောင်း၊ လူတစ်ဦးချင်းစီအလိုက် စားသောက်နေထိုင်ရေး အဆင်ပြေချောမွေ့စေရန် အတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို မဖြစ်မနေ အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာလျှင် ရောင်းကုန်ပစ္စည်းများ ရရှိမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုကို ဖြစ်ပေါ်စေမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌ ဒေသတွင်းနေထိုင်ကြသူများ၏ စားရေရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် လျာထားတွက်ချက်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သောက်သုံးရေများ လုံလောက်စွာရရှိစေရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပြီး ရေအရင်းအမြစ်များရှိရာ ဆည်တာတမံများ၊ ချောင်းများ၏ ရေအရင်းအမြစ်နေရာများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မြို့သာယာ လှပရေးနှင့်ပတ်သက်၍ သန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်မှုကို ဖန်တီးပေးသွားရန်လိုကြောင်း၊ နေအိမ်တစ်အိမ်ချင်းစီအလိုက်၊ လမ်းတစ်လမ်းချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများတစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျရှိခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးစနစ်တကျ ဆောင်ရွက်ခြင်းတို့ဖြင့် သန့်ရှင်းသာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို မြို့နေလူထုက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် မြို့၏ ကောင်းမြတ်သည့် ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း၊ ချယ်ရီပင်များအား မိမိအနေဖြင့် ပြန်လည်စိုက်ပျိုးစေလျက်ရှိပြီး ချယ်ရီပင်များနှင့် ပြင်ဦးလွင်သည် ခွဲ၍မရသည့် အစဉ်အလာ ကောင်းများရှိခဲ့ကြောင်း၊ ချယ်ရီပင်များ ပြန်လည်စိုက်ပျိုးစေခြင်းအားဖြင့် သာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုနှင့် သာယာလှပပြီး မျက်စိပသာဒ ဖြစ်ဖွယ် မြင်ကွင်းများသည် ပြင်ဦးလွင်ဒေသ၏ အဖိုးမဖြတ်နိုင်သည့် Land Mark တစ်ခုပင် ဖြစ်သဖြင့် ဒေသတွင် နေထိုင်သူများအားလုံးက ကိုယ်စီအသိစိတ်ဖြင့် ဆက်လက်ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ဒေသ၏ အေးချမ်းသာယာလှပမှုနှင့်အတူ ဒေသတွင်းသို့ လာရောက် နေထိုင်ကြသည့်သူများနှင့် လာရောက်လည်ပတ်ကြသည့်သူများ များပြားလာသည်နှင့်အမျှ ဒေသ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည်ဖြစ်သော်လည်း မြို့ပြလုံခြုံရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိနေရမည်ဖြစ်ကြောင်း။

မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ကျေးလက် ဒေသများနှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်း စီမံဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ ရှေးဟောင်း အဆောက်အအုံများ သည်လည်း တန်ဖိုးဖြတ်၍ မရနိုင်သည့် အမွေအနှစ်များပင်ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုမရှိစေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်း၊ မူလလက်ရာများ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၌ ယခင်က သစ်ပင်ကြီးများ များစွာပေါက်ရောက်လျက်ရှိပြီး လက်ရှိအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ အန္တရာယ်ရှိ သစ်ပင်များ၊ လမ်းမကြီးများနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ဖယ်ရှားရှင်းလင်းခြင်းများ လိုအပ်ပါက ဆောင်ရွက်ကြရသော်လည်း သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းဖြင့်လည်း စဉ်ဆက်မပြတ်သည့် စိမ်းလန်းစိုပြည်မှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ ပညာရေးသည် မဖြစ်မနေပြုပြင်ပြောင်းလဲရမည် ဖြစ်သဖြင့် ပညာရေးကဏ္ဍကို မိမိတို့အနေဖြင့် အလေးထားအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ KG + 9 အထိအား မသင်မနေရ ပညာရေးအဖြစ်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသသည် ပညာရေးတွင် အစဉ်အလာကောင်းများရှိပြီး တန်းစဉ်ကူးပြောင်းမှုများ ရာခိုင်နှုန်းမြင့်မားစေရေးအတွက်လည်း ကျောင်းသား၊ မိဘ၊ ဆရာအားလုံးက အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ပြင်ဦးလွင်မြို့ မြို့မိ မြို့ဖအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်၍ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဝါးပင်တန်းလျှောက်လမ်း ဆောင်ရွက်ထားရှိမှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့မှ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အပေါ် အလေးအနက်ထား လေးစားမှုရှိကြောင်း ဖော်ညွှန်းသည့်အနေဖြင့် လက်ဆောင်ပေးအပ်ခဲ့သည့် ဆိုက်ဘေးရီးယား စီဒါရ်ပျိုးပင်အား စိုက်ပျိုးထားရှိမှု၊ အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် ချယ်ရီပင် စိုက်ပျိုးထားရှိမှု၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်းသို့ ရောက်ရှိကြပြီး ရေကူးကန် တည်ဆောက်ရန် လျာထားသည့် မြေနေရာအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ဒေသ၏ အေးချမ်းသာယာလှပမှုနှင့်အတူ ဒေသတွင်းသို့ လာရောက်နေထိုင်ကြသည့်သူများနှင့် လာရောက်လည်ပတ်ကြသည့်သူများ များပြားလာသည်နှင့်အမျှ ဒေသ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည် ဖြစ်သော်လည်း မြို့ပြလုံခြုံရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်**

☆ **ပြင်ဦးလွင်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများသည်လည်း တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များပင်ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုမရှိစေရေး စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်း၊ မူလလက်ရာများ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားကြရန်လို**

PPIB News

# လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သော အသေးစားထုတ်ကုန်များ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ကျေးလက်နေမိသားစု ဝင်ငွေတိုးစီမံကိန်း လူသုံးကုန်နည်းပညာသင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာလင်းက အသေးစားထုတ်ကုန်များဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်အဖွဲ့ဝင်များ၊ ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က စီမံကိန်းလုပ်ငန်း၊ သင်တန်းသုံး သင်ထောက်ကူပစ္စည်းများ၊ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများအား လွှဲပြောင်းပေးအပ်ရာ သင်တန်းခေါင်းဆောင်နှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြပြီး တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် သင်တန်းသူ၊ သင်တန်းသားများ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့သည်။

ထို့နောက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းသုံးပစ္စည်းများအား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုကြရာ ခရိုင်ဦးစီးမှူးက ရှင်းလင်းပြသခဲ့သည်။ အဆိုပါသင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၁၆ ဦးဖြင့် ၁၄ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)ဒီပါလင်း**



☆ ဒုတိယသမ္မတမှ

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြား သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညိုစောက **ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ကိုယ်စား တက်ရောက်အမှာစကား ပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊** မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားများကို အစဉ်တစိုက်အလေးအနက်ထား ကျင်းပလာခဲ့သည်မှာ (၃၇)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ လူဦးရေပြောင်းလဲမှုဆိုင်ရာအသိအမြင်၊ မူဝါဒနှင့် လက်တွေ့ဆောင်ရွက်မှုများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိအောင် ပြန်လည်သုံးသပ်ရန်နှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို ပိုမိုထိရောက်အောင် အကောင်အထည်ဖော်ရန် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း။

လူဦးရေပြောင်းလဲမှု ဖြစ်စဉ်သည် ကုလသမဂ္ဂက ချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် တိုက်ရိုက် ဆက်နွယ်နေကြောင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျန်းမာရေး ကောင်းမွန်ရေး၊ အရည်အသွေးရှိသည့် ပညာရေးရရှိရေး၊ ကျားမတန်းတူညီမျှရေး၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဖန်တီးရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းရေးတို့သည် လူဦးရေဖွဲ့စည်းမှုနှင့် လူဦးရေပြောင်းလဲမှုဆိုင်ရာအချက်အလက်များကို နက်နက်ရှိုင်းရှိုင်း နားလည်ထားမှသာ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာမြောက်ဆောင်ရွက်ရာတွင် မျက်မှောက်ကာလ လူဦးရေအခြေအနေ၊ အနာဂတ်ခန့်မှန်းချက်နှင့် ဒေသအလိုက်လူဦးရေကွာခြားချက်များကို မဖြစ်မနေ အလေးထားသုံးသပ်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

တိကျမှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးရှိ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်ရရှိရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း၊ စစ်တမ်းများနှင့် စာရင်းအင်းစနစ်များသည် အနာဂတ်မူဝါဒချမှတ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးသတ်မှတ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေး၊ ဒေသန္တရဖွံ့ဖြိုးရေးအစီအမံများ ရေးဆွဲချမှတ်ရေးတို့သည် အသက်တမျှ အရေးပါသည့်အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း။

လူဦးရေပြောင်းလဲမှုသည် မိမိတို့နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်သကဲ့သို့ နိုင်ငံ၏အနာဂတ်ကို မဟာဗျူဟာမြောက် ပြန်လည်ပုံဖော်နိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက လူ့ဂုဏ်သိက္ခာကိုဗဟိုပြုပြီး အခွင့်အရေးကို အခြေခံသည့်၊ မျှတပြီး မျှော်လင့်ချက်ရှိသည့် လူမှုစီးပွားအသိုက်အဝန်းကောင်းတစ်ရပ်ကို အတူတကွတည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် Animation Clip ကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ သတင်းစဉ်

ဓာတ်ပုံများကြည့်ရန်

## အနီးစခန်းလေဆိပ်သစ်ဖွင့်လှစ်၍ လေကြောင်းလိုင်းများ စတင်ပျံသန်းပြေးဆွဲ

နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ဒေသတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသစ်တည်ဆောက်ပြီးစီးခဲ့သော အနီးစခန်းလေဆိပ်ကို ယနေ့တွင် နိုင်ငံတော်သမ္မတက ဖွင့်လှစ်ပေးပြီး ယနေ့၌ပင် မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ဟဲဟိုး-အနီးစခန်း-နေပြည်တော်-ရန်ကုန်ခရီးစဉ်နှင့် မဂ်လာလေကြောင်းလိုင်းက ရန်ကုန်-တာချီလိတ်-အနီးစခန်း-ရန်ကုန်ခရီးစဉ်တို့ကို စတင်ပျံသန်းပြေးဆွဲကြောင်း သိရသည်။

အနီးစခန်းလေဆိပ်ကို အခြေပြု၍ ရှမ်းပြည်နယ်အတွင်းရှိ တာချီလိတ်၊ ဟဲဟိုးမြို့များနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်မြို့ကြီးများသို့ တိုက်ရိုက်ခရီးစဉ်များကို မြန်မာအမျိုးသားလေကြောင်းလိုင်း၊ မဂ်လာလေကြောင်းလိုင်း၊ အဲသံလွင်လေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့က ယနေ့မှစတင်၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနေ့များတွင် ပုံမှန်ပျံသန်းပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

ဥ
တု
ရာ
သီ
တော
ကို
မှီ
၏။



## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

မတ္တရာ ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကမ်းတဘက်ကျေးရွာအုပ်စု၊ အလယ်ပုံကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်အိအိခင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းထွန်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သီဟစိုး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်သီတာ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထက်အောင်နှင့် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လက်ထောက်မန်နေဂျာ ဦးဝင်းထိန်တို့က မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ (၄၆၂)

## ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း အမှတ်စဉ်(၁) ဖွင့်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးတက္ကသိုလ်၌ မန္တလေးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲက ကြီးမှူးကျင်းပသည့် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အင်း၀(၉)ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦး၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်တို့က အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် မန္တလေးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ပါမောက္ခ(ဌာနမှူး) ကွန်ပျူတာသိပ္ပံပညာဌာန ဒေါက်တာ ကျော်မိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကာလမှာ ဇူလိုင် ၁၁ရက်မှ ၁၃ရက်အထိဖြစ်ကြောင်း သိရသည်။

(၀၅၆)

## တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကုထုံးစွမ်းရည်မြင့်မားရေး အထွေထွေရောဂါ ကုထုံးလက်တွေ့သင်တန်း(၂/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကုထုံးစွမ်းရည်မြင့်မားရေး အထွေထွေရောဂါကုထုံးလက်တွေ့ သင်တန်း (၂/၂၀၂၆)သင်တန်းဆင်းပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်ရှိ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီး (မန္တလေး) အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲတွင် တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းပို့ချသည့် ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးသန်းထွန်း ASSOCIATE HONORARY PROFESSOR ကထိက(ဌာနမှူး) တိုင်းရင်းဆေးတက္ကသိုလ်က နှုတ်ဆက်စကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား ဦးစိုးထက်အောင်၊ ဒုတိယတိုင်းရင်းဆေးမှူး ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး နေပြည်တော်က ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းပို့ချသည့် ဆရာကြီး၊ ဆရာမကြီးများအား ပါမောက္ခချုပ်က ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခြင်း၊ သင်တန်းတွင် အာဟာရဒါနအလှူရှင်များအား ဒုတိယဆေးရုံအုပ် ဒေါ်သိန်းထိုက်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ ပါမောက္ခသက်သက်ခိုင်၊ ပါမောက္ခ(ဌာနမှူး)က သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူတစ်ဦးအား ထူးချွန်ဆု ပေးအပ်ချီးမြှင့်ခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ် သင်တန်းဆင်းလက်မှတ်များအား ဆရာကြီး ဦးသန်းထွန်း ASSOCIATE HONORARY PROFESSOR ကထိက(ဌာနမှူး)၊ (ငြိမ်း)ဆေးဝါးဗေဒဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ပါမောက္ခ ဌေးလွင်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက သိပ္ပကျော်စွာဆရာကြီး ဦးမြင့်လွင်တို့က အသီးသီးပေးအပ်ခဲ့ကြသည်။


သင်တန်းဆင်းပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးသာဝင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအောင်ထပ်၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ ဆေးရုံအုပ်ကြီး ဒေါ်မီမီ၊ ဒုတိယဆေးရုံအုပ်နှင့် ဆရာ၊ ဆရာမ များ၊ ပါမောက္ခ(ဌာနမှူး)များ၊ အငြိမ်းစား ပါမောက္ခ၊ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာ၊ ဆရာမများ၊ သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမ ၂၀ ဦး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)မှ ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၀၇၀)

❖ ဇူလိုင်လမှ

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်ပါသည်။

မိုး/ဇလ

## တရုတ်နှင့် နမီးဘီးယား နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန်ကိစ္စ သမ္မတ ရှီကျင့်ဖျင်နှင့် သမ္မတ နန်ဒီ-နဒိုက်တွာ သဘောတူညီ



**ပေကျင်း ဇူလိုင် ၁၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပေကျင်းမြို့သို့ ရောက်ရှိနေသည့် နမီးဘီးယား သမ္မတ နေတွန်ဘို နန်ဒီ-နဒိုက်တွာနှင့် ဇူလိုင် ၁၀ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တရုတ်နှင့် နမီးဘီးယား နှစ်နိုင်ငံဆက်ဆံရေးကို ခေတ်သစ်တစ်ခုအတွက် အနာဂတ်မျှဝေခံစားမည့် တရုတ်-နမီးဘီးယား အသိုက်အဝန်းအဖြစ် မြှင့်တင်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခေါင်းဆောင်နှစ်ဦးသည် စီးပွားရေး၊ ကုန်သွယ်ရေး၊ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု၊ ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် လူသားအရင်းအမြစ် ကဏ္ဍများ အပါအဝင် ပူးပေါင်းဆောင်ရွက်ရေး စာရွက်စာတမ်း အမြောက်အမြား လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ကြသည်။

နန်ဒီ-နဒိုက်တွာသည် တရုတ်နိုင်ငံသို့ ခုနစ်ရက်ကြာ နိုင်ငံတော်အဆင့် ခရီးစဉ်အဖြစ် လာရောက်ခြင်းဖြစ်ပြီး ဂွမ်ဒေါင်းနှင့် စီချွမ်ပြည်နယ်များသို့ သွားရောက်လည်ပတ်ခဲ့သည်။

တရုတ်နိုင်ငံက ခေတ်မီဆန်းသစ်မှုနှင့် အမျိုးသားပြန်လည်ဆန်းသစ်မှုကို မြှင့်တင်ဆောင်ရွက်နေချိန်တွင် နမီးဘီးယားနိုင်ငံအနေဖြင့်လည်း ၎င်းတို့၏ မျှော်မှန်းချက် ၂၀၃၀ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအတွက် လုပ်ဆောင်နေသဖြင့် နှစ်နိုင်ငံကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန် အချိန်အခါကောင်းဖြစ်ပြီး အလားအလာကောင်းများလည်း ရှိနေသည်ဟု သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀




## ကုန်သွယ်မှု လျှို့ဝှက်ချက်များကို ခိုးယူရန် ကြံစည်ခဲ့သည်ဟု အိုးပင်းအေအိုင်ကုမ္ပဏီကို အက်ပဲလ်ကုမ္ပဏီက တရားစွဲဆို




**ဝါရှင်တန် ဇူလိုင် ၁၁**

အက်ပဲလ်ကုမ္ပဏီသည် ၎င်းတို့၏ ကိုယ်ပိုင်ထုတ်ကုန်ပစ္စည်း ထုတ်လုပ်ရန် ကြိုးပမ်းနေစဉ်အတွင်း မိမိတို့၏ ကုန်သွယ်မှုဆိုင်ရာ လျှို့ဝှက်ချက်များကို ခိုးယူရန် စီစဉ်ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲပြီး ဇူလိုင် ၁၀ ရက်တွင် ဉာဏ်ရည်တု(အေအိုင်) ကုမ္ပဏီဖြစ်သော အိုးပင်းအေအိုင်ကို တရားစွဲဆိုလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဟိုဆေးမြို့ရှိ ဖက်ဒရယ်တရားရုံးတွင် တင်သွင်းခဲ့သည့် အဆိုပါ တရားစွဲဆိုမှု၌ အိုးပင်းအေအိုင်က ၎င်းတို့၏ ကိုယ်ပိုင်ပစ္စည်း ထုတ်လုပ်ရန်အတွက် အက်ပဲလ်ဝန်ထမ်းများကို မတရားစည်းရုံးသိမ်းသွင်းရန်နှင့် လျှို့ဝှက်အချက်အလက်များကို ရယူရန် ပြင်းပြင်းထန်ထန် ကြိုးပမ်းခဲ့သည့်အခြေအနေကို ဖော်ညွှန်းထားသည်။

ယင်းတရားစွဲဆိုမှုအရ ၂၀၂၄ ခုနှစ်တွင် အက်ပဲလ်ထုတ်ကုန်များအတွင်း ချက်ဂျီပီတီကို ထည့်သွင်းရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ကုမ္ပဏီနှစ်ခုကြား တင်းမာမှုများ သိသိသာသာ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

Mon

## စိုက်ပျိုးမြေလျော့နည်းသွားသော်လည်း အထွက်နှုန်းပိုကောင်းလာ ယခုနှစ် တရုတ်နွေစပါးနှင့် ကောက်ပဲသီးနှံထုတ်လုပ်မှု မြင့်တက်

**ပေကျင်း ဇူလိုင် ၁၁**

စိုက်ပျိုးဧရိယာ အနည်းငယ်လျော့နည်းသွားမှုကို အထွက်နှုန်း ပိုမိုကောင်းမွန်လာခြင်းဖြင့် အစားထိုးနိုင်ခဲ့သောကြောင့် တရုတ်နိုင်ငံ၏ ယခုနှစ် နွေစပါးနှင့် ကောက်ပဲသီးနှံထုတ်လုပ်မှုသည် ယခင်နှစ်ထက် ၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စံချိန်တင်ပမာဏဖြစ်သော မက်ထရစ်တန် ၁၅၀ ဒသမ ၇၅ သန်းအထိ ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နွေစပါးနှင့် ကောက်ပဲသီးနှံ အဓိကစိုက်ပျိုးသည့် ပြည်နယ်အဆင့် ဒေသကြီး ၂၅ ခုရှိ ကွင်းဆင်းကောက်ယူမှုများအပေါ် အခြေခံထားသည့် အဆိုပါကိန်းဂဏန်းများသည် သမိုင်းတစ်လျှောက် အမြင့်မားဆုံးသော နွေစပါးနှင့် ကောက်ပဲသီးနှံထွက်ရှိမှု စံချိန်ဖြစ်သည်။



နွေစပါးနှင့် ကောက်ပဲသီးနှံ စိုက်ပျိုးသည့် ဧရိယာသည် ယခင်နှစ်ထက် ၀ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ဟက်တာ ၂၆ ဒသမ ၅၃ သန်း ရှိခဲ့သော်လည်း ပျမ်းမျှအထွက်နှုန်းမှာ တစ်ဟက်တာလျှင် ၅၆၈၁ ဒသမ ၆ ကီလိုဂရမ်အထိ ၀ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သောကြောင့် စုစုပေါင်း ထုတ်လုပ်မှုပမာဏသည် ၂၀၂၅ ခုနှစ်ထက် တန်ချိန် ၁ သန်း ပိုမိုထွက်ရှိခဲ့ကြောင်း သိရသည်။

Mon



## တိုင်ဖုန်းမုန်တိုင်း ဟာလ္လီအင်အားပြင်းထန်စွာ တိုက်ခတ်သဖြင့် ဖိလစ်ပိုင်တောင်ပိုင်းတွင် အနည်းဆုံး လူ ၁၅ ဦး သေဆုံးခဲ့

**မနီလာ ဇူလိုင် ၁၁**

ဆယ်စုနှစ်များအတွင်း အင်အားအကောင်းဆုံး မုန်တိုင်းများထဲမှ တစ်ခုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ဖိလစ်ပိုင်တောင်ပိုင်းတွင် အနည်းဆုံး လူ ၁၅ ဦး သေဆုံးခဲ့ပြီး အရှေ့တောင်အာရှဒေသအချို့၌လည်း အဆိုပါ အန္တရာယ်ရှိသော မုန်တိုင်းအတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အကျယ်ဆုံးနေရာတွင် ပြင်သစ်နိုင်ငံ၏ အကျယ်အဝန်းခန့်ရှိပြီး ကီလိုမီတာ ၁၀၀၀ ခန့် အထိကျယ်ဝန်းသော တိုင်ဖုန်းမုန်တိုင်း ဗာဗီသည် ထိုင်ဝမ်ကျွန်းဘက်သို့ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်၍ ဦးတည်ရွေ့လျားနေသည်။

အဆိုပါ မုန်တိုင်းသည် စနေနေ့တွင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းသို့ မဝင်ရောက်မီ ထိုင်ဝမ်ကျွန်းမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့အပြင် ဝေးလံခေါင်သီသော ဂျပန်ကျွန်းစုများပေါ်သို့ မိုးသည်းထန်စွာ ရွာသွန်းစေမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

Mon

## စပိန်အရှေ့တောင်ပိုင်းတွင် အဆိုးရွားဆုံး တောမီးလောင် ကယ်ဆယ်ရေးအဖွဲ့များ ဆက်လက်ငြိမ်းသတ်လျက်ရှိ

**မက်ဒရစ် ဇူလိုင် ၁၁**

စပိန်နိုင်ငံအရှေ့တောင်ပိုင်းတွင် နိုင်ငံသမိုင်းတစ်လျှောက် အဆိုးရွားဆုံး တောမီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များသည် မီးကြွင်းမီးကျန်များကို ဆက်လက်ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

စပိန်အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ လူ ၁၂ ဦး သေဆုံးခဲ့သည့် ဘီဒါကျေးရွာဝန်းကျင်တွင် ရာနှင့်ချီသော မီးသတ်သမားများနှင့် အခြားကျွမ်းကျင်သူများကို စေလွှတ်ဖြန့်ကြက်ထားပြီး အခြားလူ ၂၃ ဦး ပျောက်ဆုံးနေဆဲ ဖြစ်သည်။

ယခုနှစ်နွေရာသီတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ဝန်းကျင်အထိရှိသော ပြင်းထန်သည့် အပူလှိုင်းဒဏ်ကြောင့် ဥရောပတောင်ပိုင်းတစ်ခွင်တွင် တောမီးများ လောင်ကျွမ်းခဲ့ပြီး အထူးသဖြင့် ပြင်သစ်၊ ပေါ်တူဂီနှင့် စပိန်နိုင်ငံတို့တွင် ပိုမိုဆိုးရွားစွာ ခံစားခဲ့ရကြောင်း သိရသည်။ Mon



## ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးလောင်သန်းလေဆိပ်သို့သွားရန် လမ်းသစ်ဖောက်လုပ်ခြင်းနှင့် လမ်းချဲ့ခြင်းအတွက် ပန္နက်ရိုက်

**ဟနွိုင်း ဇူလိုင် ၁၁**

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးလောင်သန်းလေဆိပ်သို့ အဝေးပြေးလမ်းမကြီးများ၊ အမြန်လမ်းမကြီးများ၊ စက်မှုဇုန်များနှင့် ဆိပ်ကမ်းများနှင့် ချိတ်ဆက်ပေးမည့် ဗီယက်နမ်ဒေါင် ၁၂ ထရီလီယံနီးပါး (အမေရိကန် ဒေါ်လာ ၄၅၆ သန်း) တန်ဖိုးရှိ လမ်းသစ်ဖောက်လုပ်ခြင်းနှင့် လမ်းချဲ့ခြင်းလုပ်ငန်းများကို ဒေါင်နိုင်းမြို့၌ ဇူလိုင် ၁၀ ရက်တွင် စတင်ပန္နက်ရိုက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အသစ်ဖောက်လုပ်မည့် ပြည်နယ်တွင်းလမ်း ၇၇၀ ဘီ နှင့် အဆင့်မြှင့်တင်မည့် ပြည်နယ်တွင်းလမ်း ၇၇၃ နှင့် ၇၆၉ တို့သည် စုစုပေါင်းအရှည် ကီလိုမီတာ ၁၁၁ ခန့် ရှိသည်။

လောင်သန်းလေဆိပ်သည် ဟိုချီမင်းစီးတီး၏ အရှေ့ဘက် ကီလိုမီတာ ၄၀ ခန့်အကွာတွင် တည်ရှိပြီး ၎င်း၏ ပထမအဆင့်ဖွင့်လှစ်မှုတွင် တစ်နှစ်လျှင် ခရီးသည် ၂၅ သန်းအထိ ဝန်ဆောင်မှုပေးနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပိုင် ဗီယက်နမ်လေဆိပ်များကော်ပိုရေးရှင်းသည် နိုင်ငံတော်ပိုင်းသို့ ပျံသန်းမည့် နိုင်ငံတကာခရီးစဉ်အများစုကို အဆိုပါလေဆိပ်သို့ လွှဲပြောင်းပြေးဆွဲရန်နှင့် မြို့လယ်ရှိ အမြဲတမ်းလူကြပ်ညပ်နေသော တန်ဆွန်းညက်လေဆိပ်၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် စီစဉ်ထားကြောင်း သိရသည်။ Mon






## ကီနန်ဒေးဗစ်စ် အူဒီးနီစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် ဇူလိုင် ၁၁**

စီးရီးအေကလပ် အူဒီးနီစ်အသင်းသည် အသင်းတိုက်စစ်မှူး ကီနန်ဒေးဗစ်စ်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အူဒီးနီစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၅ ပွဲကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကီနန်ဒေးဗစ်စ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ အသင်းနဲ့အတူ လာမယ့် ဘောလုံးရာသီသစ်မှာ ရလဒ်ကောင်းတွေရရှိအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

အူဒီးနီစ်အသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၂ ရက်တွင် ကိုမိုအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

## ၂၀၂၆ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်အသင်းတက်ရောက်

**လန်ဒန် ဇူလိုင် ၁၁**

၂၀၂၆ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်အသင်း တက်ရောက်ခဲ့သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၀ မိနစ်တွင် ရူအစ်ဇ်၊ ပွဲချိန် ၈၈ မိနစ်တွင် မယ်ရီနိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ (အပေါ်ပုံ)

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၁၅ ရက်တွင် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)

## ဘရစ်တန်နီရာဖီနိုကို အင်တာမီလန်အမျိုးသမီးအသင်းခေါ်ယူ



**မီလန် ဇူလိုင် ၁၁**

အင်တာမီလန်အမျိုးသမီးအသင်းသည် စပိန်တင်းလစ္စဘွန်းအမျိုးသမီးအသင်း တိုက်စစ်မှူး ဘရစ်တန်နီရာဖီနိုကို ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘရစ်တန်နီရာဖီနိုသည် စပိုတင်းလစ္စဘွန်းအမျိုးသမီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲ ၂၂ ပွဲကစားပြီး ၁၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အမျိုးသမီးအသင်း၏ ထုတ်ပြန်ချက်တွင် "ဘရစ်တန်နီရာဖီနိုကို ခေါ်ယူနိုင်ခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းပေါ်မှာ များစွာအထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်းမှာ ကစားသမားသစ်တွေ ထပ်မံ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (NGB)

## နည်းပြ ဂျော့ချ်ဂျေးဇူးကို နည်းပြသစ်အဖြစ် ပေါ်တူဂီအသင်း ခန့်အပ်



**လန်ဒန် ဇူလိုင် ၁၁**

ပေါ်တူဂီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂျော့ချ်ဂျေးဇူးကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ပေါ်တူဂီအသင်းနှင့်အတူ လေးနှစ်သက်တမ်းစာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဂျော့ချ်ဂျေးဇူးသည် နည်းပြဘဝတစ်လျှောက်တွင် ဘရာဂါ၊ ဘင်ဖီကာ၊ ဖလာမင်ဂို၊ စပိုတင်းလစ္စဘွန်းစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ပေါ်တူဂီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၇၁)နှစ်အရွယ်ရှိ ဂျော့ချ်ဂျေးဇူးက "ကျွန်တော် အခုလို ပေါ်တူဂီအသင်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ အခုလို ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်အသင်းကို ကိုင်တွယ်ရမယ်ဆိုတော့လည်း စိတ်လှုပ်ရှားမိပါတယ်။ ဒီအသင်းကို အောင်မြင်မှုများစွာ ရယူပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## အီဇရီကွန်ဆာ အသင်းတွင် ဆက်ရှိသွားမည်ဟု အက်စတွန်ဗီလာအသင်း အတည်ပြု



**လန်ဒန် ဇူလိုင် ၁၁**

နောက်ခံကစားသမား အီဇရီကွန်ဆာ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အက်စတွန်ဗီလာအသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အက်စတွန်ဗီလာအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား အီဇရီကွန်ဆာသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၆ ပွဲကစားပြီး ၁၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်စတွန်ဗီလာအသင်း၏ ထုတ်ပြန်ချက်တွင် "အီဇရီကွန်ဆာ အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)

## ပူလီဆစ် ပေါင်ဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူရဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၁၁**

အမေရိကန်လက်ရွေးစင်အသင်းနှင့် အေစီမီလန်အသင်း တောင်ပံကစားသမား ပူလီဆစ်သည် ပေါင်ဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် အမေရိကန်လက်ရွေးစင်အသင်းက ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

တောင်ပံကစားသမား ပူလီဆစ်ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အမေရိကန်လက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အေစီမီလန်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားပူလီဆစ်သည် အမေရိကန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၆ မှ ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံတကာပွဲပေါင်း ပွဲ ၉၀ ကစားပြီး ၃၃ဂိုးသွင်းယူထားနိုင်ခဲ့ကာ အေစီမီလန်အသင်းနှင့်လည်း ၂၀၂၃ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၁၃၄ ပွဲကစားပြီး ၄၂ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (NGB)





## 2026 ATV Bancomat Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၁၃ရက်တွင် စတင်မည်

**တူရင် ဇူလိုင် ၁၁**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 ATV Bancomat Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၁၃ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 ATV Bancomat Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်မှ ၂၀ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 ATV Bancomat Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

2026 ATV Bancomat Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ခရိုအေးရှားတင်းနစ်မယ် Petra Marcinko ဖြစ်သည်။ (အပေါ်ဝဲပုံ)(NGB)

## ဒါလေဘလိုင်းကို အေဂျက်စ်အသင်း ခေါ်ယူ



**လန်ဒန် ဇူလိုင် ၁၁**

နယ်သာလန်ထိပ်သီးကလပ် အေဂျက်စ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်နောက်ခံကစားသမား ဒါလေဘလိုင်းကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၇ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ဒါလေဘလိုင်းသည် ကစားသမားဘဝတစ်လျှောက်တွင် ဘိုင်ယန်မြူးနစ်၊ အေဂျက်စ်၊ မန်ယူ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အေဂျက်စ်အသင်းကခေါ်ယူခဲ့ခြင်းဖြစ်သည်။

အေဂျက်စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ယာပုံ)

(NGB)

# မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မကွေး ဇူလိုင် ၁၁**

၂၀၂၆ ခုနှစ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး ဖူဆယ်ရုံအားကစားခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါ်နွယ်နီနိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော အားကစားဝါသနာရှင်များနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ စစ်ကြောင်းမှူးက တန်းအပ်သတင်းပို့ခြင်းဆောင်ရွက်ခဲ့ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုပြိုင်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်း မြင့်မားလာစေရန်၊ အားကစားလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် စုပေါင်းလှုပ်ရှားသော အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာစေရန်နှင့် မျိုးဆက်သစ်လူငယ်ရွက်ပုန်းသီး အားကစားသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်ပြီး ကျင်းပပေးရခြင်းဖြစ်သလို တိုင်းဒေသကြီး ကိုယ်စားပြု သွေးသစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ၂၀၂၆ ခုနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲအား စတင်ကျင်းပရာ မကွေးနှင့် ပခုက္ကူမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် အခမ်းနားသို့ တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးမှပြိုင်ပွဲဝင်များက အုပ်စု လေးခုခွဲ၍ အမျိုးသားပွဲစဉ်အဖြစ် နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ ပွဲစဉ်များဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ဇွန် ၁၄ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ



# အခွန်ဆိုင်ရာအသိပညာပေး Tax Campaign ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးမြို့ရှိ CAE ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အင်း၀ ကိုယ်ပိုင်အထက်တန်းကျောင်းတို့တွင် ကျောင်းသား၊ ကျောင်းသူ ၈၅၀ ကျော် ပါဝင်တက်ရောက်သည့် အခွန်ဆိုင်ရာ အသိပညာမြှင့်တင်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်စေရေး လူထုလှုပ်ရှားမှု (Tax Campaign) ကို ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)က ဦးဆောင်ကျင်းပသည့် အဆိုပါ အစီအစဉ်တွင် အခွန်ဆိုင်ရာ အသိပညာများ၊ အခွန်ပေးဆောင်ခြင်း၏ အရေးပါမှုနှင့် အခွန်တာဝန်များကို ရှင်းလင်းဟောပြောခဲ့ပြီး အမေးအဖြေ ဉာဏ်စမ်းအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။

အခမ်းအနားတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) ဌာနမှူး ဦးပိုင်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်သည့် ဦးသောင်းဟန်နှင့် ဒေါ်အိအိဆွေတို့က အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

CAE ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည့် အခမ်းအနားသို့ တာဝန်ရှိသူများ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၀ ဦး တက်ရောက်ခဲ့ပြီး အင်း၀ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည့် အခမ်းအနားသို့ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀၀ ဦး တက်ရောက်ခဲ့သည်။

ထို့နောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက အခွန်ဆိုင်ရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက အခွန်ဗဟုသုတ အမေးအဖြေဉာဏ်စမ်းများ ပြုလုပ်ကာ ဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

# အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ချမ်းမြသာစည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြီးမှူး၍ အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှုတိုးတက်ရေး ရည်ရွယ်သည့် လူထုလှုပ်ရှားမှု (Tax Awareness Campaign) အစီအစဉ်ကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ အ.ထ.က-၂၆ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်နွဲ့ဌေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ရွှေရည်ဦးက တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများအား အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေးအတွက် လူထုလှုပ်ရှားမှုအစီအစဉ် လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်အကြောင်း သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများ၊ ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမ ကိုးဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၈)**

# ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဘောဂဝတီရပ်ကွက်အတွင်း ကွင်းဆင်း၍ တစ်အိမ်ဝင်၊ တစ်အိမ်ထွက် သွားရောက်၍ ခြင်ကြောင့်ဖြစ်ပွားသော ရောဂါများအကြောင်းနှင့် သုံးရေကန်များ၊ စည်ပိုင်းများ၊ စဉ့်အိုးများကို ရေသုံးစွဲပြီးပါက လုံခြုံစွာ အဖုံးများဖြင့်ဖုံးအုပ်ထားရန်၊ ရေဆိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့် ညီညွတ်သည့် ရေလောင်းအိမ်သာများကို စနစ်တကျသုံးစွဲကြရန် အသိပညာပေးဟောပြောခဲ့ပြီး ပိုးလောက်လမ်းများ မပေါက်ဖွားစေရန်အတွက် ရေတွင်း၊ ရေကန်၊ ရေအိုးများအတွင်းသို့ အဘိတ်ဆေးခတ်ပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

# အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဇူလိုင် ၁၁**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို) (AEDA-Mdy)တို့ ပူးပေါင်း၍ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြတ်မွန်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)မှ အမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်သမိုင်းကြောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းတို့ကို ဟောပြောခဲ့ပြီး ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရေး သန္နိဋ္ဌာန်များ ရွတ်ဆိုခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၄)**

## ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်

**သရက် ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် ဝင်ငွေတိုးပွားလာစေရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းလုပ်ငန်းနှစ်ခုမှ လုပ်ငန်းရှင် ၁၀ ဦး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းလုပ်ငန်းသုံးခုမှ လုပ်ငန်းရှင် ၁၅ ဦး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းလုပ်ငန်း လေးခုမှ လုပ်ငန်းရှင် ၂၀ ဦး၊ သုံးနှစ်တာကာလအတွင်း လုပ်ငန်းရှင်စုစုပေါင်း ၄၅ ဦး မွေးထုတ်ပေးခဲ့သည်။

ထို့နောက် လုပ်ငန်းထူထောင်မည့် သင်တန်းသား၊ သင်တန်းသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သရက်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးထွေးတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို အသီးသီးပေးအပ်ကြရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**





## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဇူလိုင် ၁၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A)ဟောကြားချီးမြှင့်သော ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး အဘွား ဒေါ်သိန်းညွန့်၊ ဖခင် ဦးဝင်းဆွေ၊ မိခင် ဒေါ်ခင်မိမိဆွေ၊ အစ်မကြီး ဒေါ်စိုးစိုးဝင်းဆွေ၊ အစ်ကို ဦးနီသွေးတို့အား ရည်စူး၍ မန္တလေးမြို့နေ သား၊ သမီး၊ မြေးတစ်စုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၃၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ စုစုပေါင်းငွေကျပ်သိန်း ၁၃၀ ကို လှူဒါန်းရာ ဥပဋ္ဌာန့်ကအဖွဲ့ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ) PNT**

## အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မိုင်းယောင်း ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် အ.ထ.က (စက်၊ စိုက်၊ မွေး)နှင့် အ.ထ.က (မိုင်းယောင်း)တို့၌ ယမန်နေ့ နံနက်ပိုင်းက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းခွဲတို့မှ တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများလုပ်ကိုင်ခြင်းမရှိစေရန် ကြိုတင်တားဆီးကာကွယ်နိုင်ရေးတို့ကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက် ခြင်များ၊ ပိုးလောက်လမ်းများ ပေါက်ဖွားနိုင်သည့် ရေလှောင်ကန်များ၊ ရေစည်၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို လိုက်လံစစ်ဆေး၍ Abate ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပြီး အာဟာရကျွေးမွေးကာ မြက်ရိတ်စက်နှင့်စာရေးကိရိယာပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၅၀၅)**



## KG ကျောင်းသား၊ ကျောင်းသူများအား (ပထမအကြိမ်)အာဟာရကျွေးမွေး

**မန္တလေး ဇူလိုင် ၁၁**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ "အနာဂတ် ကြယ်ပွင့်ကလေးများ ကျန်းမာဖွံ့ဖြိုးဖို့ ကျောင်းတွင်းအာဟာရမြှင့်တင်စို့" အစီအစဉ်အဖြစ် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား နေ့လယ်စာ အာဟာရကျွေးမွေးခြင်းကို ဇူလိုင် ၁၀ ရက် နံနက် ၁၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ ရပ်ကွက်၊ ၈၆လမ်း၊ ၂၂လမ်းနှင့် ၂၃လမ်းကြားရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမများက KG ကျောင်းသား၊ ကျောင်းသူ ၂၁ ဦးအား စနစ်တကျလက်ဆေးနည်းကို ရှင်းလင်းပြသသည်။ ထို့နောက် နေ့လယ်စာအာဟာရ ကျွေးမွေးကြရာ မြို့နယ်ပညာရေးမှူး ဒေါ်သီတာငွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုများက ကျောင်းသား၊ ကျောင်းသူများအား စနစ်မှန်သွားတိုက်နည်းများကို သင်ကြား သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## ကျောင်းကျန်းမာရေးနှင့် သွားနှင့်ခံတွင်းရောဂါ ကွင်းဆင်းဆေးကုသ

**ပျော်ဘွယ် ဇူလိုင် ၁၁**

ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးနှင့် ကျန်းမာရေးအသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေးဆိုင်ရာများ စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ကွင်းဆင်းကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီက ပြည်သာယာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဌာနမှ ဝန်ထမ်းများစုပေါင်း၍ ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ သွားနှင့် ခံတွင်းရောဂါများ စစ်ဆေးကုသပေးခြင်း၊ မျက်စိရောဂါနှင့်ပတ်သက်သည့် အမြင်အာရုံအားနည်းမှုရောဂါများ စစ်ဆေးပေးခြင်း၊ လိုအပ်သောအကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှူးရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ငါးဆင့်)၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှူးရုံးမှ ဒုအရာခံဗိုလ်စိုးပိုင်က ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်၊ လမ်းအန္တရာယ် မဖြစ်ပွားစေရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်တတ်စေရေးတို့အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အန္တရာယ်သတိပေးလမ်းညွှန်ချက်များ၊ တားမြစ်ခြင်း၊ ကန့်သတ်ခြင်းလမ်းညွှန်များ၊ အမိန့်ပေးလမ်းညွှန်များ၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဦးစားပေးယာဉ်များ၊ မော်တော်ယာဉ်မောင်းနှင်သူနှင့် ယာဉ်နောက်လိုက်ပါစီးနင်းသူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို အသိပညာပေးဟောပြောခဲ့ပြီး အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၀ ကျော်ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**



# အသက်ကြီးပေမယ့် မပျက်စီးသူ

ညနေစောင်းတစ်ခုတွင် စစ်ကိုင်းဘက်ကမ်းမှ ငှက်လှေကလေးတစ်စင်းသည် အရှေ့ဘက် ရွှေကြက်ယက်ဆိပ်ကမ်းသို့ ရောက်ရှိလာ၏။ လှေပေါ်တွင် ဆရာကြီးပန်းသပြေနှင့် ဆရာစိန်တို့ ပါလာကြ၏။ ရွှေကြက်ယက်ဆိပ်ကမ်းရောက်သောအခါ ဆရာကြီးပန်းသပြေမှ ဦးဆောင်၍ ရွှေကြက်ယက်ဘုရားဆီသို့ ထွက်ခွာခဲ့ကြ၏။ ဘုရားရှိခိုး၊ ငါးပါးသီလယူ၊ မေတ္တာပို့၊ တရားထိုင်အမှုများ ပြုကြ၏။

‘ဆရာကြီးကို ကြည့်ရတာ အသက်တာ (၇၀)ကျော် (၈၀)ရှိလာတယ်။ အလွန်ပေ့ါပါးတာပဲနော်’ ဆရာစိန်က ဆရာကြီးပန်းသပြေကို ကြည့်ရင်း ချီးကျူးစကားဆို၏။

‘ကျုပ်က အသက်(၅၀)ဝန်းကျင်ကတည်းက ကျန်းမာရေးကို ဂရုစိုက်တယ် ဆရာစိန်’

‘ဘယ်လိုဂရုစိုက်တာလဲ ဆရာကြီး’

‘အသက်ရှည်၊ ကျန်းမာဖို့ဆိုရင် (၁)ကိုယ်အလေးချိန်ကို အမြဲစစ်ဆေးရတယ်ဗျ။ ဝိတ်မတက်အောင် သတိပြုရတာပေ့ါဗျာ။ (၂) ကျုပ်က အိပ်ရေးဝအောင် အိပ်တယ်ဗျ။ ၇ နာရီကြာအောင် အိပ်တယ်ဗျာ။ (၃)အစာအိမ်ကိုလည်း ဂရုစိုက်တယ်။ ၇၀ ရာခိုင်နှုန်းထက် ဗိုက်ပိုပြည့်အောင် ဘယ်တော့မှ မစားဘူးဗျာ။ ပျော့တာလေးတွေပဲ စားတယ်။ အချို၊ အငန်၊ အစပ်၊ အဆီတွေကို လျှော့စားတယ်ဗျ။ (၄) အရိုးအဆစ်ကို ဂရုစိုက်တယ်ဗျ။ အသက်ကြီးလို့ အရိုးကျိုးရင် ပြန်ဆက်ဖို့ ခက်တယ်ဗျ။ (၅) ဗီတာမင်ဒီရအောင် နွားနို့၊ ပဲ၊ ငါးကလေးဟင်းတွေ မပြတ်စားတယ်။ နံနက်ခင်းနဲ့ ညနေမှာ ၁၀မိနစ်လောက် နေရောင်ခြည်ခံပေးတယ်ဗျ။ (၆)လမ်းလျှောက်တယ်။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း လုပ်တယ်ဗျ။ ခုအချိန်ထိ ကျုပ်မိန်းမ ဗာဟီယအလုပ်တွေကို လုပ်ပေးနေတုန်းဆိုရင် ခင်ဗျားယုံမလားတော့မသိဘူး။ (၇)အဆုတ်အားကောင်းဖို့ ရေချိုးချိန်ဆိုရင် သီချင်းတွေအော်ဆိုပစ်တာဗျ။ ကျုပ် ဘိသိက်မြှောက်စဉ်အခါက အလွတ်ကျက်ထားတဲ့ သီချင်းတွေပေ့ါဗျာ။ အသက်ရှူလေ့ကျင့်ခန်းတွေလည်း လုပ်တယ်ဗျ။ (၈)အထူးသဖြင့်တော့ စိတ်ဖိစီးမှုမဖြစ်အောင် လျှော့ချထားရတယ်ဗျ။ စိတ်ကို အမြဲပျော်အောင် ထားတာပေ့ါဗျာ။ (၉)စိတ်အေးချမ်း တည်ငြိမ်အောင် နံနက်တစ်ခါ၊ ညတစ်ခါ တရားထိုင်တယ်။ ဝင်လေ၊ ထွက်လေရှုမှတ်တယ်ဗျ။ (၁၀)သပ်သပ်ရပ်ရပ်နဲ့ တစ်ကိုယ်ရေသန့်ရှင်းအောင်နေပြီး ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းအောင်ထားတာဗျ။ (၁၁)အိမ်တွင်း၊ အိမ်ပြင်မှာလည်း အင်းဆက်ပိုးမွှားတွေမရှိအောင် ဂရုစိုက်ရတာပေ့ါဗျာ။ (၁၂)ဦးနှောက်ကို အသုံးချတဲ့အနေနဲ့ အလုပ်တစ်ခုခုကို အမြဲလုပ်ပေးတယ်ဗျ။ အယ်လ်ဇိုင်းမားမဖြစ်အောင် ကာကွယ်တာပေ့ါဗျာ။ (၁၃)ဝမ်းမှန်အောင်လည်း ဂရုစိုက်တယ်ဗျ။ ရေများများသောက်သလို ဟင်းသီးဟင်းရွက်တွေကိုလည်း အမြဲစားတယ်။ ဝမ်းချုပ်စာတွေကို သတိထားတယ်။ လေ့ကျင့်ခန်းမှန်မှန် လုပ်တယ်ပေ့ါဗျာ။ နောက်ဆုံးနံပါတ် (၁၄)အနေနဲ့ကတော့ ရေသောက်လေ့ကျင့်ခန်းပဲဗျ။ အိပ်ရာဝင်၊ အိပ်ရာထ ရေအမြဲသောက်တယ်။ ပြီးတော့ ရေနွေးပူပူကို ထမင်းစားပြီးချိန်တို့၊ နေ့ခင်းအချိန်တို့မှာ အဆင်ပြေသလိုသောက်ပေးပြီး သွေးကြောတွေ သန့်ရှင်းစေတာပေ့ါဗျာ’

‘ဆရာကြီးရဲ့ ကျန်းမာရေးလိုက်စားမှုတွေကိုတော့ အထူးချီးကျူးတယ်ဗျာ။ ဒါကြောင့်မို့ ဆရာကြီးက အသက်ကြီးပေမယ့် မပျက်စီးဘဲ ဒီလောက်ကျန်းမာတာကိုး။ ဒါနဲ့ စကားမစပ် စောစောက တရားထိုင်ဘာဝနာပွားခဲ့တာ ဘာကမ္မဋ္ဌာန်းတရားကို ပွားများခဲ့တာလဲ ဆရာကြီး’

‘အထွေအထူးတော့ မဟုတ်ပါဘူး ဆရာစိန်ရယ်၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ တရားတော်ကို လက်တွေ့ကျင့်ကြံ ပွားများလိုက်တာပါပဲဗျာ’

‘အဲ့ဒီတရားတော်ကို ကြားဖူးနေတာတော့ ကြာပါပြီဗျာ။ အဓိပ္ပာယ်ကိုတော့ ရှင်းရှင်းလင်းလင်း မသိရသေးဘူးဗျာ။ ဓမ္မဒေသနာကုသိုလ်ပြုပါဦး ဆရာကြီးရယ်’

ဒီလိုဗျ ဆရာစိန်၊ အဲ့ဒီတရားတော်ကို မရှင်းပြခင် ကြိုတင်သိထားရမယ့် အချက်အလက်တွေကိုပြောပြဦးမယ်ဗျ။ အထူးသဖြင့်တော့ ဝိပဿနာမရှုခင် အမှားတွေကို အရင်ပြင်ရဦးမယ်ဗျ။ ဝိပဿနာ ဉာဏ်စဉ်နဲ့ပြောရင် ဝိသုဒ္ဓိက စတာပဲ။ သီလဝိသုဒ္ဓိ-သီလစင်ကြယ် အောင် ပထမလုပ်ရမယ်ဗျ။ လူပုဂ္ဂိုလ်ဆိုရင်တော့ ငါးပါးသီလ၊ ရှစ်ပါးသီလ ခံယူဆောက်တည်ပေ့ါဗျာ။ ပြီးတော့ စိတ္တဝိသုဒ္ဓိ-စိတ် စင်ကြယ်အောင် လောဘ၊ ဒေါသ၊ မောဟ ထိန မိတ္တ ကုက္ကုစ္စ ဝိစိ ကိစ္ဆာဆိုတဲ့ နီဝရဏတရားတွေကို မောင်းထုတ်၊ ဘုရားဂုဏ်တော်ပွား၊ မေတ္တာကမ္မဋ္ဌာန်းပွား၊ မရဏာနုဿတိကမ္မဋ္ဌာန်းပွားပေ့ါဗျာ။ ဒါဟာ စိတ္တဝိသုဒ္ဓိ ကျင့်စဉ်အချို့ပေ့ါ။ စိတ်ငြိမ်ပြီး သမာဓိရမှ အသိဉာဏ်က ထွက်တာဗျ။ သီလမစင်ကြယ်ပြန်ရင်လည်း စိတ်မတည်ငြိမ်မှု သမာဓိကို ဖျက်ဆီးစေတတ်တယ်ဗျ။ ဝိပဿနာကို ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့က မှတစ်ဆင့် သွားရတာကိုး။ ဝိပဿနာကျင့်တော့မယ်ဆိုရင် ရုပ်နာမ်ကို ကွဲကွဲပြားပြားသိဖို့ လိုတယ်။ သတ္တဝါဆိုတဲ့အယူကို ဖျောက်ရမယ်ဗျ။ ခန္ဓာကြီးဟာ ရုပ်နာမ်နှစ်မျိုးပဲရှိတယ်။ ငါ၊ ငါ့ဟာ ဆိုတာမရှိဘူး။ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ဆိုလိုတာပေ့ါဗျာ။ ရုပ်နာမ်တွေရဲ့အကြောင်းတရားတွေကို သိတာကတော့ ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တာပေ့ါ။ ရုပ်ကြီးဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်လာတာ၊ နာမ်ကတော့ ဒွါရနဲ့ အာရုံတိုက်လို့ ဖြစ်လာတာ၊ တစ်နည်းပြောရရင် အခံဓာတ်နဲ့ အတိုက်ဓာတ်တို့ပေါင်းဆုံပြီး အပွင့်ဓာတ်ဖြစ်လာတာပေ့ါဗျာ။ ဒီဉာဏ်နှစ်ပါးရရင် သင်္ကာယဒိဋ္ဌိစင်ပြီး ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီပေ့ါ။ လက္ခဏာကြီးသုံးပါးဖြစ်တဲ့ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားတွေကို အဖန်ဖန် သုံးသပ်ဆင်ခြင်လာပြီဆိုရင်တော့ သမ္မသနဉာဏ်ရောက်ပြီပေ့ါ။ ဝိပဿနာဟာ အဲ့ဒီဉာဏ်ကစတာပဲဗျ။ ‘ခန္ဓာငါးပါး၊ အာယတန၊ ဓာတ်၊ သစ္စာလေးပါး၊ ဣန္ဒြေ ၂၂ ပါး အကြောင်းတွေ သင်ရမယ်။ ပဋိစ္စသမုပ္ပါဒ်နဲ့ မဂ္ဂင်ရှစ်ပါးအကြောင်းတွေ သင်ရမယ်။ ပြီးမှ လက်တွေ့ကျင့်၊ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သုံးသပ်ရမယ်ဗျ။’

‘တန်ဖိုးရှိလိုက်တာ ဆရာကြီးရာ၊ ဟုတ်ကဲ့ မှတ်ထားပါ့မယ်နော်’

‘မြတ်စွာဘုရားသခင်လက်ထက်တော်အခါက အသက်ကြီးပြီး မပျက်စီးတဲ့ ရဟန်းကြီးတစ်ပါး ရှိတယ်ဗျ။ အသက် (၇၀)ကျော် (၈၀)ပေ့ါ။ မာလုကျပုတ္တတဲ့။ တစ်နေ့မှာ မြတ်စွာဘုရားထံကြွသွားပြီး တရားကျင့်ဖို့ ကမ္မဋ္ဌာန်းတရား အကျဉ်းချုပ်တိုတိုလေး တစ်ပုဒ်သွားတောင်းသတဲ့ဗျ။ အဲ့ဒီအခါမှာ မြတ်စွာဘုရားက ‘ဒိဋ္ဌေဒိဋ္ဌမတ္တံ’ ဆိုတဲ့ တရားတစ်ပုဒ်ဟောလိုက်တာပေ့ါ၊ မာလုကျပုတ္တ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ -‘မြင်လျှင်မြင်ကာမျှသာ ရပ်ထား၊ ရှေ့ဆက် လောဘ၊ ဒေါသတွေ စိတ်ဆန္ဒတွေထိအောင် မရောက်စေနဲ့၊ အဲ့သလိုပဲ ‘သုတေ သုတမတ္တံ’-ကြားအပ်သော အာရုံမှာ ကြားရုံမျှသာ ရပ်ထား၊ ‘မုတေ မုတမတ္တံ’ နံအပ်၊ စားအပ်၊ ထိတွေ့အပ်သော အာရုံတို့မှာ နံရုံ၊ စားရုံ၊ ထိတွေ့ရုံမျှသာရပ်ထား၊ ‘ဝိညာတေဝိညာတမတ္တံ’ ကြံတွေးအပ်သော အာရုံ၌ ကြံတွေးရုံမျှသာ ရပ်ထား၊ စိတ်ဆန္ဒ လောဘဒေါသတွေ ဖြစ်မလာစေနဲ့’

‘မှန်လှပါ အရှင်ဘုရား’

‘မာလုကျပုတ္တ မမြင်ဘူး၊ မကြားဘူး၊ မသိဘူးတဲ့ အရာပေါ်မှာ လိုချင်တဲ့ ဆန္ဒ၊ တွယ်တာတဲ့တဏှာ ဖြစ်ပါ့မလား’

‘မဖြစ်ပါဘုရား’

‘မမြင်ရရာ ကိလေသာ သူ့ဟာသူငြိမ်းသည်တဲ့၊ မြင်ရသောခါ ကိလေသာ ကိန်းကာ ဖြစ်နိုင်သည်တဲ့၊ တွယ်တာမိလို့ တဏှာ ကိလေသာဖြစ်ရတာပဲ၊ လမ်းသွားတဲ့အခါ လမ်းမှာတွေ့တဲ့ သစ်ပင်တွေ၊ ရေကန်တွေ၊ တောတောင်တွေ၊ သတ္တဝါတွေကို ကိလေသာ တဏှာမဖြစ်တာ၊ မတွယ်တာမိလို့’

‘မှန်လှပါဘုရား’

‘တွယ်တာတဲ့နေရာမှာ ကိလေသာမဖြစ်အောင် ရှုရတယ်။ တဏှာဖြစ်တဲ့နေရာ ဝိပဿနာရှုရတယ်။ ဒေါသဖြစ်တဲ့နေရာမှာ ဝိပဿနာရှုရမယ်။ မမြင်တဲ့နေရာ၊ မတွယ်တာတဲ့နေရာ ရှုစရာမလိုဘူး။ မြင်တဲ့အာရုံပေါ်မှာ မြင်တဲ့အတိုင်း ရပ်ထားလိုက်ပါ။ လိုချင်တဲ့ လောဘလည်းမဖြစ်နဲ့၊ ဒေါသလည်းမဖြစ်နဲ့၊ မြင်တဲ့အတိုင်း ရပ်ထား၊ ကြားရင်ကြားတဲ့အတိုင်း ရပ်ထား၊ လောဘမဖြစ်အောင်ထိန်း၊ ဒေါသမဖြစ်အောင်ထိန်း၊ ဆက်ပြီးစိတ်ကူးမယဉ်နဲ့၊ မတွေးနဲ့၊ ဒါဆို

‘တွယ်တာတဲ့နေရာမှာ ကိလေသာမဖြစ်အောင် ရှုရတယ်။ တဏှာဖြစ်တဲ့နေရာ ဝိပဿနာရှုရတယ်။ ဒေါသဖြစ်တဲ့နေရာမှာ ဝိပဿနာရှုရမယ်။ မမြင်တဲ့နေရာ၊ မတွယ်တာတဲ့နေရာ ရှုစရာမလိုဘူး။ မြင်တဲ့အာရုံပေါ်မှာ မြင်တဲ့အတိုင်း ရပ်ထားလိုက်ပါ။ လိုချင်တဲ့ လောဘလည်းမဖြစ်နဲ့၊ ဒေါသလည်းမဖြစ်နဲ့၊ မြင်တဲ့အတိုင်းရပ်ထား၊ ကြားရင်ကြားတဲ့အတိုင်းရပ်ထား၊ လောဘမဖြစ်အောင်ထိန်း၊ ဒေါသမဖြစ်အောင်ထိန်း၊ ဆက်ပြီးစိတ်ကူးမယဉ်နဲ့၊ မတွေးနဲ့၊ ဒါဆိုလောဘလည်းမဖြစ်ဘူး၊ ဒေါသလည်းမဖြစ်ဘူး၊ မောဟလည်းမဖြစ်ဘူး။ စွဲလမ်းတဲ့နေရာတွေမှာသာ ဝိပဿနာရှု။ စိတ်တွေဟာ လောဘ၊ ဒေါသမဖြစ်ရင်မြင်တာ၊ ကြားတာပေါ်မှာပဲ ရပ်သွားလိမ့်မယ်။ ရပ်သွားရင် ကိလေသာမရှိတော့တဲ့အတွက်ကြောင့် ဒီဘဝမှာလည်း မင်းမရှိတော့သလို နောက်ဘဝမှာလည်း မပေါ်လာတော့ဘူး၊ ဒါဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းပဲ ဖြစ်တယ်။ ဒါဟာ ဒုက္ခအဆုံးသတ်ခြင်းပဲ ဖြစ်တယ်’

လောဘလည်းမဖြစ်ဘူး၊ ဒေါသလည်း မဖြစ်ဘူး၊ မောဟလည်းမဖြစ်ဘူး။ စွဲလမ်းတဲ့နေရာတွေမှာသာ ဝိပဿနာရှု။ စိတ်တွေဟာ လောဘ၊ ဒေါသမဖြစ်ရင် မြင်တာ၊ ကြားတာပေါ်မှာပဲ ရပ်သွားလိမ့်မယ်။ ရပ်သွားရင် ကိလေသာမရှိတော့တဲ့အတွက်ကြောင့် ဒီဘဝမှာလည်း မင်းမရှိတော့သလို နောက်ဘဝမှာလည်း မပေါ်လာတော့ဘူး၊ ဒါဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းပဲဖြစ်တယ်။ ဒါဟာ ဒုက္ခအဆုံးသတ်ခြင်းပဲ ဖြစ်တယ်’

‘မှန်လှပါ အရှင်ဘုရား’

‘ကဲ.... မာလုကျပုတ္တ ဒီတရားနဲ့ပတ်သက်ပြီး အသင်ဘယ်လို သဘောပေါက်သလဲ ပြောပြပါဦး’

‘မှန်လှပါဘုရား မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်နဲ့ ပတ်သက်ပြီး အာရုံခြောက်ပါးနဲ့ တိုက်ဆိုင်တဲ့အခါ မနေတတ်ရင် နိဗ္ဗာန်နဲ့ ဝေးဝေးသွားပါတယ် ဘုရား။ စိတ်တွေကမြန်တော့ ချစ်ခြင်း၊ မုန်းခြင်းချက်ချင်းဖြစ်သွားပြီး သတိလက်လွတ်ဖြစ်သွားတယ် ‘အယောနိသော မနသိကာရ’ ဝိပဿနာသတိလွတ်သွားတာလှတယ်၊ ပတယ်အပေါ်မှာ အတွေးတွေရောက်သွားတာ။ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ တဏှာဥပါဒါန်တွေက ချုပ်ကိုင်ခံရတဲ့သူဟာ ကိလေသာတွေတိုးတိုးပြီး လွှမ်းမိုးလာလို့ လောဘ၊ ဒေါသတွေ ဖြစ်ပြီး ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ ကိလေသာဒုက္ခ၊ ဝဋ္ဋဒုက္ခတွေတိုးပွားပြီး နိဗ္ဗာန်နဲ့ ဝေးနေပါပြီဘုရား။ မြင်တဲ့အပေါ်မှာ တွယ်တာမှုမထားဘဲ တဏှာရာဂမဖြစ်အောင် သတိနဲ့ နေလိုက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုနေလိုက်တဲ့အခါ ခံစားမှုလောဘ၊ ဒေါသ၊ တဏှာရာဂတွေ မလာတော့ဘဲ ခံစားရုံသက်သက်ပဲ။ တဏှာရာဂတွေ လွှမ်းမိုးမှုမခံရတော့ ဒုက္ခတွေလည်း မများလာတော့ဘူး၊ ဒုက္ခတွေလျှော့ချပြီး နိဗ္ဗာန်နဲ့ နီးနီးလာတယ်လို့ သဘောပေါက်လာရပါတယ်ဘုရား’

‘မှန်ကန်လှပါဘိတယ် မာလုကျပုတ္တ’

‘မာလုကျပုတ္တမထေရ်မြတ်ကြီးလည်း လက်တွေ့ကျင့်ကြံပွားများလိုက်တာ ရဟန္တာဖြစ်သွားတယ် ဆရာစိန်’

‘အလွန်ကောင်းမြတ်တဲ့ တရားပဲနော် ဆရာကြီး။ သာဓုခေါ်ပါတယ်ဗျာ သာဓု၊ သာဓု၊ သာဓု။’

မယ်ဇယ်ပင်တန်းများကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေးသည် ရွှေကြက်ယက်ဘုရားတွင် သာယာအေးမြလျက် .....

မြနန္ဒာဉာဏ်ဝေ

## ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြေနဲလေးကျေးရွာအုပ်စု၊ မြေနဲလေးကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့်မြေဂရန် (မြေငှားစာချုပ်)ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီခွဲက ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ညောင်ဦးခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ရှေးရှု၍ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ Quick Win လုပ်ငန်းအဖြစ် လူနေထိုင်ရန် ကျေးရွာမြေငှားဂရန်ချထားခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရွေးချယ်ထားသော ကျေးရွာတစ်ရွာစီတွင် မြေငှားဂရန် (မြေငှားစာချုပ်)ထုတ်ပေးနိုင်ရေး အတွက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက တစ်အိမ်ချင်းစီအလိုက် မြေတိုင်းတာ၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ကျေးရွာသာယာလှပစေရေးဆောင်ရွက်ထားရှိမှုများအား ကွင်းဆင်းစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၈၁)



## တံတားဦးမြို့၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တံတားဦး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်လူထုအခြေပြုဗဟိုဌာနတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ (Talk Show )ကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမောင်က လူကုန်ကူးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် လူတိုင်း အချိန်အခါမရွေး လူကုန်ကူးခံရနိုင်ကြောင်း၊ အထူးသဖြင့် အသိပညာဗဟုသုတနည်းပါးသူများ၊ လောဘကြီးသူများမှာ လူကုန်ကူးခံရနိုင်ကြောင်း၊ လူကုန်ကူးမှုလျော့နည်းပပျောက်သွားစေရန် ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့မရဲစခန်းမှ ဒုရဲအုပ်ယဉ်မွန်ချိုက လူကုန်ကူးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် လူကုန်ကူးမှုဆိုသည်မှာ လူတစ်ဦး၏ ဘဝရပ်တည်ရန် ခက်ခဲသည့် အချိန်တွင် အလွဲသုံးစားပြုပြီး ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အဓမ္မခေါ်ဆောင်ခြင်း၊ ခေါင်းပုံဖြတ်ရန် ရည်ရွယ်ခြင်း၊ လူကုန်ကူးခံရသူ၏ဆန္ဒမပါရှိဘဲ လွှဲပြောင်းသိမ်းသွင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း စသည့်အချက်များနှင့် ကျူးလွန်လျှင် လူကုန်ကူးမှုသတ်မှတ်နိုင်ကြောင်း၊ လူကုန်ကူးမှုဖြစ်နိုင်ရေးအတွက် အင်္ဂါရပ်သုံးရပ်ရှိကြောင်း၊ ရည်ရွယ်ချက်မှာ ခေါင်းဖြတ်ခြင်း၊ ပြုလုပ်ချက်မှာ စည်းရုံးသိမ်းသွင်းခြင်းနှင့် နည်းလမ်းမှာ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်းတို့ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများအား အွန်လိုင်းမှတစ်ဆင့် ပြည်သူများ အသိပညာဗဟုသုတများစွာ ရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဆွေးနွေးပွဲများကို ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)







## လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်ကြီးဂန္ဓာရုံ ဘုန်းတော်ကြီးအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ယနေ့နံနက် ၉ နာရီခွဲက မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံစေရန်နှင့် လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်ကြီးဂန္ဓာရုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ Grade-11 ကျောင်းသား မောင်အဂ္ဂသူရက 'လူငယ်နဲ့ စာပေ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မရွှေဇင်ထွေးက လူငယ်နဲ့ 'Social Media' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -9 ကျောင်းသား မောင်တိုးတက်အောင်က 'လူငယ်နဲ့ မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြရာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ဖြည့်စွက်ဆွေးနွေးခဲ့ပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲမှ ကျောင်းသား၊ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်များအား ခင်းကျင်းပြသခဲ့ရာ လူငယ်စကားဝိုင်းတက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(ယာပုံ) ဧင်မင်းမောင်(ပြန်/ဆက်)**




## ဝါဆိုသင်္ကန်း တို့လှူဒါန်း

* တို့တစ်တွေ ဝါဆိုသင်္ကန်း
မြတ်ရဟန်း လှူဒါန်းကွယ် ။
စီဝရံ ကုသိုလ်အထူး
ကြည်နူးမိတယ် ။
မိုးဥတု ဝသန်အခါဝယ်
ဝတ်ရုံမယ် သံဃာတော်များ
သာသနာ့တာဝန် ကျေပွန်ထမ်းလို့
ကြိုးပမ်းကာထား ။

* ပြည်မြန်မာ သဒ္ဓါတရား
ကမ္ဘာကား အမြဲထင်ပေါ် ။
လှူဒါန်းမှုဝယ် ရက်ရောကြ
လှပသနော် ။
မြတ်ဒါန ဘဝအဖော်
သီလ,သော် ဆောက်တည်အမြဲ
ဘာဝနာ,ပင် ရှုမှတ်ကြလို့
အေးမြရင်ထဲ ။

* သာသနာ အလှထူးကဲ
တွေ့ကြုံဆဲ တို့တစ်တွေ
ထာဝစဉ် ချီးမြှောက်မှု
ရှေးရှုကာနေ ။
ဝါဆိုသင်္ကန်း မွန်မြတ်ပေ
နှစ်စဉ်လေ လှူဒါန်းထား
မြတ်ကုသိုလ် ဒါန, ပန်းတို့
(အိုကွယ်)
ပွင့်လန်းစေသား ။ ။

**ဇေဂျမ်းရွာကျောင်းအိုသား**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၆)၊ ဦးပိုင်နံပါတ်(၄၀) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀×၄၅ပေ) အကျယ်အဝန်းရှိ ဦးသောင်းကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (ပေ၂၀×၄၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်တိုးတိုးကျော်(ဘ) ဦးကျော်တင့်(၉/ရမသ(နိုင်)၀၈၆၀၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၄)၊ ဦးပိုင်နံပါတ်(၃၁) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ မချိုချိုဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမာလ(ဘ)ဦးဂမ်ဆိုင်း(၁၃/သနန(နိုင်)၀၁၉၃၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၁၀၄လမ်း၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ အမှတ်(ဏ-၁/၁၄)နေ ရဲမွန်တောင်ဆေးခန်း ဖွင့်လှစ်ထားသော ဒေါက်တာဇာနည်ဇင်(၉/ခအဇ(နိုင်)၀၁၄၂၉၂)နှင့် ဒေါ်မိုးမိုးသွယ်(၁/ဗမန(နိုင်)၀၅၄၅၃၅)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါက်တာဇာနည်ဇင်နှင့် ဇနီးဖြစ်သူ ဒေါ်မိုးမိုးသွယ်တို့သည် ၎င်းတို့နေထိုင်သည့်ပတ်ဝန်းကျင်တွင်လည်းကောင်း၊ လူမှုရေးနယ်ပယ်တွင်လည်းကောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်းကောင်း နာမည်ပျက်မရှိဘဲ ကောင်းမွန်သော နာမည်ဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်သူများဖြစ်ကြပါသည်။

ထို့ကြောင့် ၎င်းတို့၏ ဂုဏ်သိက္ခာကို ထိပါးကျဆင်းစေမည့် အပြုအမူများကို မည်သူမဆို ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်၌သော်လည်းကောင်း၊ လူမှုရေးနယ်ပယ်တွင်လည်းကောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်းကောင်း၊ လူမှုကွန်ရက်ဖြစ်သော (Facebook, Tik Tok) အစရှိသည့် Social Media များကနေ၍ မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေခြင်း၊ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုအား အသုံးပြု၍ လူမှုကွန်ရက်စာမျက်နှာများတွင် ပြောဆိုအသရေဖျက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသည့် အရေးအသားများ ရေးသားဖော်ပြခြင်း၊ မမှန်မကန် ပြောဆိုရေးသားချက်များကို ဖြန့်ဝေခြင်း၊ မျှဝေခြင်းများ တွေ့ရှိနေရပါသဖြင့် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ အသရေဖျက်စေရန် ရည်ရွယ်ချက်ဖြင့် ရေးသားဖြန့်ဝေခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပြုလုပ်ပါက ပြုလုပ်သူ မည်သူကိုမဆို သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ဆက်သွယ်ရေးဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဒေါက်တာဇာနည်ဇင်+ဒေါ်မိုးမိုးသွယ်**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသူဝင်းကို**
**(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၁)**
**အမှတ်(၆၃)၊ ၈၃လမ်းနှင့် ၂၁လမ်းထောင့်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**၀၉–၇၆၁၀၆၃၃၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၁)၊ ဦးပိုင်နံပါတ်(၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်ကြီး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်ဥမ္မာအောင်(ဘ)ဦးအောင်ထွန်း(၁၂/လသန(နိုင်)၀၀၂၅၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၁၆၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးငြိမ်း(ခ)ဦးညိမ်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကျင်ကျင်းမေ(ဘ)ဦးကျင်ကြာထန်(၁၃/လရန(နိုင်)၀၃၅၅၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၇)၊ ဦးပိုင်နံပါတ်(၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ရီရီ အမည်ပေါက် ဂရန်မြေကွက်၏မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျန်ရစ်(ဘ)ဦးကံညွန့်(၅/စကန(နိုင်)၁၂၄၅၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးဖြိုးသာစန့် (LL.B)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်နံပါတ်(၃၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ညို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အမာရီ(ဘ)ဦးထွန်းကြည်(၁၃/လရန(နိုင်)၀၃၇၉၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးဖြိုးသာစန့် (LL.B)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ စိုးမိုးအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ(၅ ဒသမ ၄၁)ဧက အကျယ်အဝန်းရှိ ယာမြေသည် ဦးအောင်သန်း အမည်ပေါက် ပုံစံ(၇)မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ကျွန်တော် ဦးစိန်သောင်း(ဘ)ဦးစန်းမောင်(၉/ပဥလ(နိုင်)၀၃၇၂၇၈)ကိုင်ဆောင်သူမှ အမွေထိန်းလက်မှတ်လျှောက်ထားပြီး၊ ပုံစံ(၇)မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်တရားရုံးနှင့် ပြင်ဦးလွင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတို့တွင် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးစိန်သောင်း (၉/ပဥလ(နိုင်)၀၃၇၂၇၈)**
**စိုးမိုးအိုင်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့။ ၀၉–၇၈၈၀၅၂၃၈၅**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၈)၊ ဦးပိုင်အမှတ်(၇)၊ လမ်း ၅၀နှင့်၅၁လမ်းကြား၊ ၁၁၈လမ်းနှင့်၁၁၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စုမြတ်သိန်း(၁/မကန(နိုင်)၁၀၆၅၅၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၇၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင်ဇာဖြိုး(၁၂/ဒဂမ(နိုင်)၀၀၄၀၃၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

# ကုန်အမှတ်တံဆိပ် အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ အကွက်(၃၈၉)နေ ဦးနေလင်းညွန့်(ဘ)ဦးသန်းကျော်(၉/မဟမ(နိုင်)၀၁၃၃၇၆)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

NNM

SPECIAL

**မှတ်ပုံတင်စာချုပ်အမှတ်(၃၉၈/ ၂၀၂၆)**

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါ **NNM** စာတမ်းပါ **"SPECIAL" အမှုန့်ကြိတ်စက်အမျိုးမျိုးနှင့် ရိုက်စက်အိုးအမျိုးမျိုးထုတ်လုပ်ဖြန့်ချိရောင်းဝယ်ရေး** ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်မြွက်ဟကြေညာစာတမ်းစာချုပ်အမှတ်(၃၉၈/၂၀၂၆)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါ ကုန်အမှတ်တံဆိပ်နှင့် အမှတ်အသား(လိုဂို)ကို အသုံးပြုပြီး ခေတ်မီနည်းပညာများဖြင့် ခိုင်ခံ့သေသပ်စွာ ထုတ်လုပ်ထားသော **'အမှုန့်ကြိတ်စက်အမျိုးမျိုးနှင့် ရိုက်စက်အိုးအမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရောင်းဝယ်ရေး'**ကို အသုံးပြုလုပ်ကိုင်လျက်ရှိရာ လူအများယုံကြည်စိတ်ချစွာဖြင့် အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေ၏ **NNM** စာတမ်းပါ **"SPECIAL" အမှုန့်ကြိတ်စက်အမျိုးမျိုးနှင့် ရိုက်စက်အိုးအမျိုးမျိုးထုတ်လုပ်ဖြန့်ချိရောင်းဝယ်ရေး** ကုန်အမှတ်တံဆိပ်နှင့် အမှတ်အသား(လိုဂို)တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို နစ်နာကြေးငွေများ တောင်းခံကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မာလာဆွေ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၉၂၁၉)**

**ဦးလင်းထက် (LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၅၇၄၁၆)**

**ရုံးခန်း- 'ပန်သစ္စာ' ဥပဒေရေးရာအတိုင်ပင်ခံရုံးခန်း ၊ ၂၇လမ်းနှင့်၂၈လမ်းကြား၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၀၀၃၇၊ ၀၉-၇၈၂၀၁၀၀၃၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၄)၊ ဦးပိုင်အမှတ်(၉၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမြင့်သန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးညီညီအောင်(ဘ) ဦးသန်းအောင်(၉/မရမ(နိုင်)၀၇၉၄၄၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နုနု အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စိမ်းစိမ်းမွန်(ဘ)ဦးချစ်မောင်(၁/မကတ(နိုင်) ၀၇၁၉၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဖုန်းမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်မြင့်မြင့်ကြည်(ဘ)ဦးညွှဲ့တာကျုံး(၁၃/နခန(နိုင်)၀၀၀၃၀၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အမှတ်(၈၉)နေ ဦးကိုကိုအောင်(ဘ)ဦးသိန်းလှိုင်(၁၃/သပန(နိုင်)၀၄၉၇၅၀)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ဂရန်မြေအမျိုးအစား(နန-၂၂)၊ ဦးပိုင်အမှတ်(၈၉+၈၈+၆၂+၆၃+၈၇+၆၄)၊ မြေဧရိယာပေ(၄၀×၆၀)(၆)ဝိုင်းတွဲမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဂိုထောင်တစ်ခု၊ လူနေအိမ်တစ်ခု အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့ကွက်သစ်(ဆ)ရပ်ကွက်၊ (ခခ-၂၀)မြေ ဦးပိုင်အမှတ်(၂+၃+၄)(၃)ကွက်တွဲပေ(၄၀×၆၀)(၃)ဝိုင်းတွဲမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတစ်ခု၊ လျှပ်စစ်ထရန်စဖော်မာဖို့အား(၂၀၀)တစ်ခုအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးကိုကိုအောင်၊ ဒေါ်နွေးနွေးအောင်နှင့် ဦးအောင်စိုးမိုးတို့ မောင်နှမ(၃)ဦးမှ အမွေဆက်ခံပိုင်ဆိုင်၍ အမွေမခွဲဝေရသေးသော အမွေပုံပစ္စည်းများဖြစ်၍ အမွေဆိုင်(၃)ဦးသဘောတူညီညွတ်မှုမရှိဘဲ လွှဲပြောင်းရောင်းချခြင်းမပြုလုပ်ရန်အတွက် ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်းကို (၇-၁၂-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဥ်သတင်းစာတွင် ကြေညာထည့်သွင်းကန့်ကွက်ခဲ့ပါသည်။

ယခုအခါ အမွေဆိုင်(၃)ဦးမှာ ဆွေးနွေးညှိနှိုင်း၍ မိသားစုသဘောတူညီချက်ရရှိပြီး မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၂၀)အတွင်း တည်ရှိသော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးပိုင်အမှတ်(၂+၃+၄)(၃)ကွက်တွဲဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတစ်ခု၊ လျှပ်စစ်ထရန်စဖော်မာဖို့အား(၂၀၀)တစ်ခုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် (၇-၁၂-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဥ်သတင်းစာတွင် ကန့်ကွက်ထားသည့် ကန့်ကွက်ကြောင်း ကြေညာခြင်းအတွင်းမှ အဆိုပါ ဦးပိုင်(၂+၃+၄)(၃)ကွက်တွဲ ဝိုင်းမြေအား ကန့်ကွက်ခြင်းကို ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကိုကိုအောင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်ယဥ်မွန် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၁၇၈၈)**
**ခင်လေးဝင်း၊ သင်ပန်းကုန်းရပ်၊ ဈေးချိုရပ်ကွက်၊ အမရပူရမြို့။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၁

၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၉ သို့ ✰



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညို ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်လ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်ပြီး ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၉ သို့ ❖

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် (၈)ကြိမ်မြောက် ဟေလုံကျန်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးညီလာခံ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၁

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရန်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဌာနနှင့် ကျီးရှီးမြို့နီစီပယ်အစိုးရတို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ကျီးရှီးမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ဟေလုံကျန်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်အဖွဲ့ ပါဝင်တက်ရောက်ကြသည်။



ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျီးရှီးမြို့ မြို့တော်ဧည့်ခံရေးစင်တာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး မစ္စတာရှွီချင်း (Xu Qin) နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးနှင့် ဟေလုံကျန်းကိုယ်စားလှယ်အဖွဲ့တို့အကြား ယခင်က ဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲရလဒ်များကို မြန်မာနိုင်ငံအနေဖြင့် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ ထင်ရှားကျော်ကြားသော ဟာဘင်ရေခဲနှင့် ဆီးနှင်းကမ္ဘာ (Harbin Ice and Snow World) သည် မြန်မာပြည်သူများအကြား အထူးရေပန်းစား လူကြိုက်များလျက်ရှိသည့်အတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာကဏ္ဍအသီးသီးနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာစေရန် မိတ်ဆက်ကြော်ငြာပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းအနေဖြင့် တရုတ်နိုင်ငံမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်မည့် ရေခဲပွဲတော်တွင် မြန်မာနိုင်ငံ၏ အထင်ကရအထိမ်းအမှတ် (Landmark) တစ်ခုအား ရေခဲပုံထုဆစ်ပြသပေးပါရန် ကြိုတင်အဆိုပြုထားမှုအပေါ် တရုတ်-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထင်ဟပ်ပေါ်လွင်စေရန်အတွက် မြန်မာနိုင်ငံ၏ အထင်ကရအထိမ်းအမှတ်တစ်ခုအား ရေခဲပုံထုဆစ်ပြသသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး ရှွီချင်း (Xu Qin) က ဟေလုံကျန်းပြည်နယ်၏ ထူးခြားဆန်းသစ်သော ရေခဲပြင်နှင့် ဆီးနှင်းရှုခင်းများ၊ မြန်မာနိုင်ငံ၏ လှပသော အပူပိုင်းဒေသရှုခင်းများကို အခြေခံ၍ ရေခဲပြင်၊ ဆီးနှင်းနှင့် အပူပိုင်းဒေသ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလူငယ်များအကြား လူငယ်လေ့လာရေးခရီးစဉ်များ ဖော်ဆောင်ရေး အပါအဝင် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ၏ သတင်းမီဒီယာများဖြစ်သည့် ဟေလုံကျန်းနေ့စဉ်သတင်းဌာနနှင့် ဟေလုံကျန်းရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများ၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားသည်။

ညနေပိုင်းတွင် ကျီးရှီးမြို့ ကွန်ဗန်းရှင်းစင်တာ၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ဟေလုံကျန်း ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးညီလာခံသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဇူလိုင် ၉ ရက်တွင် ကျီးရှီးမြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပေ့တာဟွမ် (Beidahuang) လက်ရေးလှစာ အနုပညာပြခန်း၊ မီဆန်းမြို့ (Mishan) ရှိ အာရှတိုက်တွင် အကြီးဆုံး ရေချိုနယ်စပ်ကန်ကြီးဖြစ်သည့် ရှင့်ခိုင်ရေကန် (Xingkai Lake) ရှုမျှော်စင်၊ ပိုင်ယွီဝမ်မြို့နယ် (Baiyuwan) ရှိ ဟူရန်ကျေးရွာ (Huran) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းများ၊ ကျေးလက်ခရီးသွားလုပ်ငန်းတို့ကို သွားရောက်လေ့လာကြသည်။

ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ကျီးရှီးမြို့ ကျီးရှီးရေခဲပြင်အားကစားကွင်းရှိ ရေခဲပြင်နှင့် ဆီးနှင်းအားကစားကို အခြေခံသည့် အားကစားခရီးသွားလုပ်ငန်း (Sports Tourism) ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေ၊ ဟေလုံကျန်းပြည်နယ်၏ ထူးခြားဆန်းသစ်သော ရာသီအလိုက် သဘာဝရှုခင်းများနှင့် ရေခဲပြင်၊ ဆီးနှင်းယဉ်ကျေးမှုဆိုင်ရာ အနုပညာပြကွက်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ခင်းကျင်းပြသထားသော ဟာဘင်မြို့ Dream Ice and Snow Pavilion ရေခဲပြတိုက်တို့ကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ အညွှန်း**


ပီယက်နမ်နိုင်ငံ၏ အကြီးဆုံးလောင်သန်းလေဆိပ်သို့ သွားရန် လမ်းသစ်ဖောက်လုပ်ခြင်းနှင့် လမ်းချဲ့ခြင်းအတွက် ပန္နက်ရိုက် စာမျက်နှာ ၁၀

နည်းပြဂျော့ချ်ဂျေးဌူးကို နည်းပြအသစ်အဖြစ် ပေါ်တူဂီအသင်း ခန့်အပ် စာမျက်နှာ ၁၁

အသက်ကြီးပေမယ့် မပျက်စီးသူ (ဆောင်းပါး) စာမျက်နှာ ၁၄